# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ

## အုပ်စု(၃)မဇ္ဈိမနိကာယ်

📖၃။ဥပရိပဏ္ဏာသပါဠိတော်📖



ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(Y.S.O)✍

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၃) မဇ္ဈိမနိကာယ

## ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ ရဟန်းတော် မငြင်းခုံဘဲ ဝမ်းမြောက်ဝမ်းသာ ညီညွတ်စွာ ကျင့်ရမည့် တရားများကို ဖော်ပြ၍၊ ယခုလက်ရှိ တရားတို့တွင် အမြတ်ဆုံးတရားကိုလည်း ဖော်ပြပါ။

၂။ မြတ်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ကြည်ညိုဖွယ်ရာ တရား (၁၀)ပါးတို့တွင် အစ (၅) ပါးကို သိသာရုံမျှ ဖော်ပြပါ။

၃။ စူဠပုဏ္ဏမသုတ်လာ အောက်ပါတို့ကို ဖြေဆိုပါ။

(က) သူယုတ်မာတို့၏ စကား

(ခ) သူယုတ်မာတို့၏ အလှူ

၄။ အဘယ်သို့သော သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ပါသနည်း၊ ပါဠိတော်လာအတိုင်း ဖြေဆိုပါ။

၅။ အစ္ဆရိယ အဗ္ဘုတသုတ်တော်လာ မြတ်ဗုဒ္ဓ၏ အံ့ဩဖွယ်တရားတို့တွင် ရှေ့ ၅-ပါးကို ဖြေဆိုပါ။

၆။ မျှော်လင့်တောင့်တချက်ဖြင့် အကျင့်မြတ်ကို ကျင့်သူအား အကျိုးရ/မရ သုတ်ထောက်၍ ဖြေဆိုပါ။

၇။ မှားသောအယူရှိသူတို့ မြတ်သောအကျင့်ကို ကျင့်သော်လည်း တရားမရထိုက်ပုံတို့ကို ဥပမာ ၄-မျိုးတို့ဖြင့် ဆိုလိုရင်းအကျဉ်းချုပ် ဖြေဆိုပါ။

၈။ ဝိဘင်္ဂဝဂ်လာ ဘဒ္ဒေကရတ္တသုတ်တို့၏ အမည်များကို ဟောရာမြို့နှင့် ဟောအပ်သော ပုဂ္ဂိုလ်တို့ကို တွဲစပ်၍ ဖော်ပြပါ။

၉။ ယုတ်နိမ့်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို စူဠကမ္မဝိဘင်္ဂသုတ်လာအတိုင်း ဖြေဆိုပါ။

၁၀။ ဒက္ခိဏာဝိဘင်္ဂသုတ်တော်လာ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်တို့ကို ဖြေဆိုပါ။

တစ်ပုဒ်စွာလျှင် (၁၀) မှတ်စီ

**ရန်ကုန်တိုင်းဒေသကြီး**

**ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော**

**ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ**

## အုပ်စု (၃) မဇ္ဈိမနိကာယ

## ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေမှန်

**၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့**

**ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)**

---

၁။ **ညီညွတ်စွာကျင့်ရမည့်တရားများကား**

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မြတ်သော မဂ္ဂင် ၈-ပါး။ (ပါဠိ၊နှာ၊၂၇၊ မြန်၊၂၉) (၁-မှတ်စီ) (၇-မှတ်)

**အမြတ်ဆုံးတရားကား**

အရှင်ဂေါတမ (မြတ်ဗုဒ္ဓ) ၏ အဆုံးအမတရား (ပါဠိ၊၅၇၊မြန်မာပြန်၊၆၁) (၃-မှတ်)

၂။ **ရှေ့ ၅-ပါးမှာ**

(၁) သီလနှင့်ပြည့်စုံခြင်း (၂-မှတ်)

(၂) အကြားအမြင်များခြင်း၊ အကြားအမြင်ကို ဆောင်ထားနိုင်ခြင်း (၂-မှတ်)

(၃) သက်န်းဆွမ်းကျောင်း ဆေးတို့ဖြင့် ရောင့်ရဲလွယ်ခြင်း (၂-မှတ်)

(၄) အထူးစင်ကြယ်ကုန်သော စိတ်၌အပါအဝင်ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၌ ချမ်းချမ်းသာသာ နေမှု ဖြစ်ကုန်သော ဈာန် ၄-ပါးတို့ကို အလိုရှိတိုင်းရခြင်း၊ မငြိုမငြင်ရခြင်း မပင်ပန်းပဲရခြင်း (၂-မှတ်)

(၅) တပါးမက များသော အပြားရှိသော တန်ခိုးဖန်ဆင်ခြင်းကို ပြီးစေခြင်း (ပါဠိ၊၆၂၊မြန်၊၆၅-၆၆)(၂-မှတ်)

၃။ (က) သူယုတ်မာသည် မဟုတ်မမှန်သော စကားကို ပြောလေ့ရှိ၏၊ ကုန်းချော စကားကို ပြောလေ့ရှိ၏၊ ကြမ်းတမ်းသော စကားကို ပြောလေ့ရှိ၏၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိ၏။ (၅-မှတ်)

(ခ) သူယုတ်မာသည် (၁) အလှူကို မရိုမသေလှူ၏၊ (၂) ကိုယ်တိုင် မပေးလှူ၊ (၃) စိတ်ပါလက်ပါ မပေးလှူ (၄) စွန့်ပစ်သကဲ့သို့ ပေးလှူ၏၊ (၅) အကျိုးရှိလိမ့်မည်ဟု အယူမရှိဘဲ ပေးလှူ၏။

(ပါ၊၇၁-၇၂၊မြန်၊၇၅-၇၆) (၁-မှတ်စီ) (၅-မှတ်)

၄။ (၁) ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'များခြင်း (၂-မှတ်)

(၂) ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'နှင့်တကွသော စိတ်ဖြင့်နေခြင်း (၂-မှတ်)

(၃) ဖျက်ဆီးမှုရှိခြင်း (၁-မှတ်)

(၄) ဖျက်ဆီးခြင်းနှင့်တကွသော စိတ်ဖြင့်နေခြင်း (၂-မှတ်)

(၅) ညှဉ်းဆဲခြင်းရှိခြင်း (၁-မှတ်)

(၆) ညှဉ်းဆဲခြင်းနှင့်တကွသော စိတ်ဖြင့်နေခြင်း (၂-မှတ်)

၅။ (၁) ဘုရားလောင်းတော်သည် သတိ ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်း (၂-မှတ်)

(၂) ဘုရားလောင်းတော်သည် သတိ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍ တုသိတာနတ်ပြည်၌ တည်ခြင်း (၂-မှတ်)

(၃) ဘုရားလောင်းတော်သည် အသက်ထက်ဆုံး တုသိတာနတ်ပြည်၌ တည်ခြင်း (၂-မှတ်)

(၄) ဘုရားလောင်းတော်သည် သတိ ဆင်ခြင်ဉာဏ်ပြည့်စုံ၍ တုသိတာနတ်ပြည်မှ စုတေကာ အမိဝမ်းတိုက်သို့ သက်ဝင်ခြင်း (၂-မှတ်)

(၅) ဘုရားလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ အတိုင်းအရှည်မရှိ ပြန့်နှံ့နိုင်သော တောက်ပသော အရောင်သည် နတ်တို့၏ တန်ခိုးအရောင်ကို လွန်၍ လောက၌ ထင်ရှားမြဲဖြစ်ခြင်း (ပါဠိ၊၁၆၁၊ မြန်၊၁၆၆) (၂-မှတ်)

၆။ မျှော်လင့်တောင့်တချက်ဖြင့် အကျင့်မြတ်ကို ကျင့်သူအား အကျိုးရနိုင်ပါသည်။ (၅-မှတ်)
ဘူမိဇသုတ်ကို ထောက်ပါ (၅-မှတ်)
(ရှင်းချက်- မျှော်လင့်တောင့်တမှုရှိ/မရှိသည် လိုရင်းမဟုတ်၊ ယောနိသောမနသိကာရသာ လိုရင်းဖြစ်သည်)
(ပါ၊၁၇၈၊မြန်၊၁၈၃)

၇။ (၁) ဆီကိုရှာမှီးသော ဆီရှာခြင်း၌ လှည့်လည်သော ယောကျ်ားသည် (တောင့်တမှု ရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ) သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်သကဲ့သို့ ထို့အတူပင် မှားယွင်းသော အယူရှိသူ သမဏဗြာဟ္မဏတို့သည် (တောင့်တမှုရှိသည်ဖြစ်စေ/မရှိသည်ဖြစ်စေ) မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ပါ။ (၂-မှတ်ခွဲ)

(၂) နို့ကို အလိုရှိ၍ နို့ကိုရှာမှီးသော နို့ရှာလှည့်လည်သော ယောကျ်ားသည် (တောင့်တမှုကို ပြု၍ဖြစ်စေ/မပြုဘဲ ဖြစ်စေ) နွားငယ်ရှိသော နွားမကို ဦးချိုမှ နို့ညှစ်လသော် နို့ရည်ကို မရသကဲ့သို့ ထို့အတူ မှားသော အယူရှိသော သမဏ ဗြာဟ္မဏတို့သည် (တောင့်တမှုကို ပြု၍ဖြစ်စေ/မပြုဘဲ ဖြစ်စေ) အကျင့်မြတ်ကို ကျင့်ကုန်သော်လည်း အကျိုးမရပါ။ (၂-မှတ်ခွဲ)

(၃) ဆီဦးကို အလိုရှိ၍ ဆီဦးကို ရှာမှီးသော ဆီဦးရှာ လှည့်လည်သော ယောကျ်ားသည် ရေကိုအိုး၌ လောင်း၍ လွန်မွှေတံဖြင့် ဆွဲမွှေလသော် ဆီကို မရသကဲ့သို့ (၂-မှတ်ခွဲ)
ထို့အတူ မှားသော အယူရှိသော သမဏဗြာဟ္မဏတို့သည် အကျင့်မြတ်ကို ကျင့်ကုန်သော်လည်း အကျိုးမရပါ။

(၄) မီးကို အလိုရှိ၍ မီးကိုရှာမှီးသော မီးရှာလှည့်လည်သော ယောကျ်ားသည် အစေးရှိသော ထန်းစိုကို မီးပွတ်ခုံသို့ ယူဆောင်၍ နှိပ်ပွတ်သော်လည်း မီးကို မရသကဲ့သို့ (၂-မှတ်ခွဲ)
ထို့အတူ မှားသောအယူရှိသော သမဏ ဗြာဟ္မဏတို့သည် အကျင့်မြတ်ကို ကျင့်သော်လည်း အကျိုးမရပါ။
(ပါ၊၁၈၀-၁၈၁၊ မြန်၊၁၈၅-၁၈၆)

၈။ (၁) ဘဒ္ဒေကရတ္တသုတ်
ဟောရာမြို့ သာဝတ္ထိမြို့ (၁-မှတ်)
ဟောအပ်သောပုဂ္ဂိုလ် ရဟန်းတော်များ (၁-မှတ်)
(၂) အာနန္ဒဘဒ္ဒေကရတ္တသုတ်
ဟောရာမြို့ သာဝတ္ထိမြို့ (၁-မှတ်)
ဟောအပ်သောပုဂ္ဂိုလ် ရဟန်းတော်များ (၁-မှတ်)
(၃) မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်
ဟောရာမြို့- ရာဇဂြိုဟ်မြို့ (၂-မှတ်)
ဟောအပ်သောပုဂ္ဂိုလ် အရှင်သမိဒ္ဓိ (၁-မှတ်)
(၄) လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်
ဟောရာမြို့- ကပိလဝတ်မြို့ (၂-မှတ်)
ဟောအပ်သောပုဂ္ဂိုလ် အရှင်လောမသကင်္ဂိယ (ပါ၊၂၂၆၊၂၂၈၊၂၃၁၊၂၄၀၊မြန်၊၂၂၉၊၂၃၁၊၂၃၅၊၂၄၂) (၁-မှတ်)

၉။ (၁) ခက်ထန်ခြင်း
(၂) ထောင်လွှားတတ်ကြွခြင်း
(၃) ရှိခိုးထိုက်သူကို ရှိမခိုးခြင်း
(၄) ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆိုခြင်း
(၅) နေရာပေးထိုက်သူကို နေရာမပေးခြင်း
(၆) လမ်းခရီးပေးထိုက်သူကို လမ်းခရီး မပေးခြင်း
(၇) အရိုအသေ ပြုထိုက်သူကို အရိုအသေ မပြုခြင်း
(၈) အလေးပြုထိုက်သူကို အလေးမပြုခြင်း

(၉) မြတ်နိုးထိုက်သူကို မမြတ်နိုးခြင်း

(၁၀) ပူဇော်ထိုက်သူကို မပူဇော်ခြင်း (ပါ၊၂၄၇၊ မြန်၊၂၅၀) (၁-မှတ်စီ) (၁၀-မှတ်)

၁၀။ **အလှူခံပုဂ္ဂိုလ် ၁၄-ယောက်**

(၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ (၁-မှတ်)

(၃) ရဟန္တာ၊ (၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပုဂ္ဂိုလ် (၁-မှတ်)

(၅) အနာဂါမ်ပုဂ္ဂိုလ်၊ (၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပုဂ္ဂိုလ် (၁-မှတ်)

(၇) သကဒါဂါမ်၊ (၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပုဂ္ဂိုလ် (၁-မှတ်)

(စုံတွဲစုံတွဲ မှန်မှ ၁-မှတ်ပေးရန်)

(၉) သောတာပန် (၁-မှတ်)

(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပုဂ္ဂိုလ် (၁-မှတ်)

(၁၁) သာသနာပအခါ ဝိက္ခမ္ဘနပဟာန်ဖြင့် ရာဂကို ပယ်ခွါပြီးသော ကမ္မဝါဒီ ကိရိယဝါဒီ (၁-မှတ်)

(၁၂) သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ် (၁-မှတ်)

(၁၃) သီလမရှိသော ပုထုဇဉ်ပုဂ္ဂိုလ် (၁-မှတ်)

(၁၄) တိရစ္ဆာန် (၁-မှတ်) (ပါ၊၂၉၇၊မြန်၊၃၀၂၊၃၀၃)

## ၁၃၇၆ – ခုနှစ်၊
## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁။ အရှင်သာရိပုတြာက အနာထပိဏ်သူဌေးကြီးအားပေးသော ဩဝါဒ (၉) ချက်အနက် ရှေ့ (၂) ချက်ကိုသာ အကျဉ်းချုပ်ရေးသားဖော်ပြခဲ့ပါ။

၂။ အရှင်ပုဏ္ဏ၏ သည်းခံပုံကို ပုဏ္ဏောဝါဒသုတ်နှင့်အညီ ရေးသားဖော်ပြခဲ့ပါ။

၃။ သာမဂါမသုတ္တန်လာ ကွဲပြားကြောင်း (၆) ပါး နှင့် ညီညွတ်ကြောင်း (၆) ပါးတို့ကို အတိအကျ ဖော်ပြခဲ့ပါ။

၄။ ဂေါပကမောဂ္ဂလ္လာနသုတ်လာ ကြည်ညိုဖွယ် (၁၀) ပါးအနက် ရှေ့ (၅) ပါးကိုသာ အကျဉ်းချုံး၍ ဖော်ပြပါ။

၅။ မဟာသုညတသုတ္တန်လာ နိဗ္ဗာန်ရောက်ကြောင်း စကား (၁၀) မျိုးကို တိကျစွာ ဖော်ပြခဲ့ပါ။

၆။ အောက်ပါ အကုသိုလ်ကံတို့၏ ဆိုးကျိုးများကို စူဠကမ္မဝိဘင်္ဂသုတ္တန်နှင့်အညီ ဖော်ပြခဲ့ပါ။

(က) သူတစ်ပါးကိုညှဉ်းဆဲခြင်း  (ခ) အမျက်ဒေါသထွက်ခြင်း

(ဂ) သူတစ်ပါးအား မနာလိုခြင်း၊  (ဃ) နမြောဝန်တိုခြင်း၊

(င) မာနကြီးခြင်း။

၇။ သံဃာကို ရည်မှန်းပြီး သီလမရှိသူတို့အား လှူဒါန်းလျှင် သံဃိကအလှူဖြစ် မဖြစ်၊ အကျိုးများ၊ မများ ဒက္ခိဏာဝိဘင်္ဂသုတ္တန်နှင့်အညီ စိစစ်ပြခဲ့ပါ။

၈။ မရှိသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ထိုက် (မကိုးကွယ်ထိုက်) သော ပုဂ္ဂိုလ်များနှင့် ရှိသေလေးစား မြတ်နိုးပူဇော်ထိုက် (ကိုးကွယ်ထိုက်)သော ပုဂ္ဂိုလ်များကို နဂရဝိန္ဒေယျသုတ္တန်နှင့်အညီ ခွဲခြားဖော်ပြခဲ့ပါ။

၉။ အောက်ပါတို့တွင် အမှန်ကို ရွေးချယ်ပြခဲ့ပါ။

(က) အာနာပါနဿတိသုတ္တန်ကို သာဝတ္ထိမြို့ (ဇေတဝန်၊ ပုဗ္ဗာရုံ) ကျောင်းတော်၌ ဟောတော်မူသည်။

(ခ) ဒေဝဒူတသုတ္တန်ကို (သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌/ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌) ဟောတော်မူသည်။

၁၀။ အောက်ပါတို့တွင် အမှန်ကို ရွေးချယ်ခဲ့၊ ဖြည့်စွက်ခဲ့ပါ။

(က) ဒက္ခိဏာ ဝိဘင်္ဂသုတ္တန်ကို (ကပိလဝတ္ထုမြို့/ သာဝတ္ထိမြို့)၌ ဟောတော်မူသည်။

(ခ) ပိဏ္ဍပါတပါရိသုဒ္ဓိသုတ္တန်ကို ဘုရားရှင်က (အရှင်အာနန္ဒာအား/ .....အား) ဟောတော်မူသည်။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

---

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) သုတ္တန္တပိဋက**

**ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေမှန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၃၀. ၅. ၂၀၁၄) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

## ၁။ အရှင်သာရိပုတြာက အနာထပိဏ်သူဌေးကြီးအား ပေးသော သြဝါဒ

သူဌေးကြီး၊ ထိုသို့ဖြစ်လျှင် "မျက်စိကို (ငါ) မစွဲလမ်းအံ့၊ ငါရဲ့ စိတ်ကိုလည်း မျက်စိကို မမှီတွယ်စေအံ့"လို့ သင် ကျင့်သင့်တယ်။ ထို့အတူ 'နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ကိုလည်း မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ဣင်းတို့ကို မမှီတွယ်စေအံ့"လို့ သင် ကျင့်သင့်တယ်။ (၁)

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာ သဘောတို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ဣင်းတို့ကို မမှီတွယ် စေအံ့"လို့ သင်ကျင့်သင့်တယ်။ (၂) (၅+၅-မှတ်)(မ၊မြန်၊၃။၃၀၇။)

## ၂။ အရှင်ပုဏ္ဏ၏ သည်းခံပုံ

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ်က လူတွေဟာ ခက်ထန် ကြမ်းတမ်း ကြတယ်။ သူတို့က မင်းကို ဆဲရေးကြ၊ ရန်တွေ့ကြလျှင် သင် ဘယ့်နှယ်လုပ်မလဲ?"
"မြတ်စွာဘုရား၊ လက်နဲ့မရိုက်တာပဲ တော်သေးတယ်-လို့ တွက်မှာပါဘုရား။"
"လက်နဲ့ ရိုက်ကြရင်ကော?"
"ခဲနဲ့ မထုတာပဲ တော်သေးတယ်-လို့ တွက်မှာပါ ဘုရား။"
"ခဲနဲ့ ထုကြရင်ကော?"
"တုတ်နဲ့ မရိုက်တာပဲ တော်သေးတယ်လို့ တွက်မှာပါ ဘုရား။"
"တုတ်နဲ့ ရိုက်ကြရင်ကော?"
"ဓားနဲ့ မခုတ်တာပဲ တော်သေးတယ်လို့ တွက်မှာပါ ဘုရား"
"ဓားနဲ့ ခုတ်ကြရင်ကော?"
"ဓားနဲ့ အသေမသတ်တာပဲ တော်သေးတယ်လို့ တွက်မှာပါ ဘုရား။"
"ဓားနဲ့ အသေသတ်ကြရင်ကော ဘယ်လိုတွက်မလဲ?"
"ကိုယ်နဲ့ အသက်ကို စက်ဆုပ်ရွံရှာကြပြီး မိမိကိုယ်ကို သတ် သေရန် ဓားလက်နက်ကို ရှာကြရတဲ့ ရဟန်းများ ရှိကြတယ်။ ငါ့မှာ တော့ မရှာရဘဲနဲ့ ရပေတယ်-လို့ တွက်မှာပါဘုရား။" (၁၀-မှတ်)(မ၊မြန်၊၃။၃၁၆။)

## ၃။ သာမဂါမသုတ္တန်လာ ကွဲပြားကြောင်း (၆) ပါး

အာနန္ဒာ၊ ငြင်းခုံကြခြင်းရဲ့ အကြောင်းများဟာ ခြောက်ပါး ရှိတယ်။ အဲဒီခြောက်ပါးဆိုတာက -
ရဟန်းတစ်ပါးဟာ

(၁) အမျက်ထွက်လေ့ရှိတယ်။ ရန်ငြိုးဖွဲ့လေ့ရှိတယ်။
(၂) ကျေးဇူးကို ချေဖျက်လေ့ရှိတယ်။ ပြိုင်ဆိုင်လေ့ရှိတယ်။
(၃) မနာလိုလေ့ရှိတယ်။ ဝန်တိုလေ့ရှိတယ်။

(၄) ကောက်ကျစ်တယ်။ စင်းလဲတယ်။
(၅) အလိုဆိုးရှိတယ်။ မှားတဲ့ အယူရှိတယ်။
(၆) မိမိအယူသာ မှန်တယ်လို့ မှားသောအားဖြင့် သုံးသပ် လေ့ရှိတယ်။ တစ်ယူသန်တယ်။ ပြုပြင်ခဲတယ်။

အာနန္ဒာ၊ အမျက်ထွက်လေ့ရှိ၊ ရန်ငြိုးဖွဲ့လေ့ရှိတဲ့ ရဟန်းဟာ ရတနာသုံးပါးကို ရိုသေခြင်း၊ နှိမ့်ချခြင်း မရှိဘူး။ သိက္ခာသုံးပါးကို ကောင်းကောင်း ကျင့်လေ့ မရှိဘူး။ သံဃာရဲ့ ငြင်းခုံမှု ဖြစ်ပေါ်လာအောင် လှုံ့ဆော် တတ်တယ်။ အဲဒီငြင်းခုံမှုဟာ လူနတ်ပြဟ္မာအားလုံး အကျိုးမဲ့ဖို့၊ အစီးအပွားမဲ့ဖို့၊ ဆင်းရဲဖို့ရာ ဖြစ်တယ်။

အာနန္ဒာ၊ ကျန်တဲ့ ရဟန်း ၅-မျိုးလည်း ထို့အတူပဲ ဖြစ်တယ်။

## သာမဂါမသုတ္တန်လာ ညီညွတ်ကြောင်း (၆)ပါး

အဲဒီနောက် မြတ်စွာဘုရားဟာ သာရဏီယ ဓမ္မ (အမြဲသတိ ထားရမယ့်တရား) ခြောက်ပါးကို ဟောပြတော်မူခဲ့ပါတယ်။ အဲဒီ ခြောက်ပါးဟာ ချစ်ခင်လေးစား စည်းလုံးညီညွတ်ကြောင်း ဖြစ်ပါတယ်။ အဲဒီခြောက်ပါးကတော့-

(၁) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား ကာယကံမေတ္တာ ထားရမယ်။
(၂) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား ဝစီကံမေတ္တာထားရမယ်။
(၃) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား မနောကံမေတ္တာထားရမယ်။
(၄) တရားသဖြင့် ရအပ်တဲ့ လာဘ်လာဘကို သီတင်းသုံး ဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။ အောက်ထစ်ဆုံးအားဖြင့် သပိတ်ထဲက ဆွမ်းကို တောင်မှ သီတင်းသုံး ဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။
(၅) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း သုံးဖော်တို့နှင့် ကောင်းသော ကိုယ်ကျင့်သီလ တူမျှ ရမယ်။
(၆) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း သုံးဖော်တို့နှင့် ကောင်းသော အယူအဆ တူမျှရမယ်။ သံသရာမှ လွတ်မြောက်ကြောင်း အယူအဆ တူမျှရ မယ်။ (၅-မှတ်စီ)(မ၊မြန်၊၃။၃၅။၄၀။)

## ၄။ ဂေါပကမောဂ္ဂလ္လာနသုတ်လာ ကြည်ညိုဖွယ် (၁၀)ပါးအနက် ရှေ့(၅)ပါး

"ပုဏ္ဏား၊ မြတ်စွာဘုရားက ကြည်ညိုဖွယ်တရား ၁၀-ပါးကို ဟောကြားတော်မူခဲ့တယ်။ အဲဒီ ၁၀-ပါးနှင့် ပြည့်စုံတဲ့ မည်သည့် ရဟန်းကို မဆို ငါတို့ ကြည်ညိုလေးစားကြ၊ မြတ်နိုးကြ၊ ပူဇော်ကြ တယ်။ သူ့ကို မှီခိုအားထားပြီးတော့ နေကြတယ်။ အဲဒီ ၁၀-ပါး ကတော့ -

(၁) သီလရှိသူ ဖြစ်ရတယ်။
(၂) ဗဟုသုတရှိသူ ဖြစ်ရတယ်။ ဘုရားဟော တရားတွေကို ဆောင်ထားသူ ဖြစ်ရတယ်။
(၃) သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး ရရသမျှနဲ့ ရောင့်ရဲသူဖြစ်ရတယ်။
(၄) ဈာန်လေးပါးကို အလွယ်တကူ ရသူဖြစ်ရတယ်။
(၅) ဣဒ္ဓိဝိ-အဘိညာဉ်ရသူ ဖြစ်ရတယ်။ အဲဒီအဘိညာဉ် ရသူဟာ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တယ်။ တစ်ပါးတည်း ဖြစ်လိုက် အများဖြစ်လိုက် ဖြစ်အောင်လည်း ဖန်ဆင်းနိုင်တယ်။ အများဖြစ်လိုက် တစ်ပါးတည်း ဖြစ်လိုက် ဖြစ်အောင်လည်း ဖန်ဆင်းနိုင်တယ်။ ကိုယ် ယောင်လည်း ဖျောက်နိုင်တယ်။ ကိုယ်ယောင်လည်း ပြနိုင်တယ်။ ကောင်းကင်မှာကဲ့သို့ နံရံတစ်ဘက်၊ တံတိုင်းတစ်ဘက်၊ တောင်တစ်ဘက်သို့ မကပ်မငြိဘဲ သွားနိုင်တယ်။ ရေထဲမှာ ကဲ့သို့ မြေကြီးထဲမှာ ငုပ်ချည် ပေါ် ချည် ပြုနိုင်တယ်။ မြေပေါ် မှာကဲ့သို့ ရေပေါ် မှာ လမ်းလျှောက်နိုင်တယ်။ ငှက်ကဲ့သို့ ကောင်းကင်မှာ တင်ပလ္လင်ခွေပြီး သွားနိုင်တယ်။ ီလောက် စွမ်းအင် ကြီးမားတဲ့ လနေတို့ကို တောင်မှ လက်ဖြင့် သုံးသပ် နိုင်တယ်။ ဗြဟ္မာပြည်တိုင်အောင်လည်း မိမိဆန္ဒအတိုင်း ဖြစ်စေနိုင်တယ်။

(၂-မှတ်စီ)(မ၊မြန်၊၃။၆၅။)

၅။ မဟာသုညတသုတ္တန်လာ နိဗ္ဗာန်ရောက်ကြောင်း စကား (၁၀)မျိုး

အာနန္ဒာ၊ ကိလေသာ ခေါင်းပါးကြောင်း နိဗ္ဗာန်ရောက် ကြောင်းဖြစ်တဲ့ စကား ဆယ်မျိုးရှိတယ်။ အဲဒီ ဆယ်မျိုးကတော့ -

(၁) အပ္ပိစ္ဆကထာ - အလိုနည်းမှုနှင့် စပ်တဲ့စကား
(၂) သန္တုဋ္ဌိကထာ - ရောင့်ရဲမှုနှင့် စပ်တဲ့စကား
(၃) ပဝိဝေကကထာ - ကင်းဆိတ်မှုနှင့် စပ်တဲ့စကား
(၄) အသံသဂ္ဂကထာ - မရောနှောမှုနှင့် စပ်တဲ့စကား
(၅) ဝီရိယာရမ-ကထာ - လုံ့လဝီရိယနှင့် စပ်တဲ့စကား
(၆) သီလကထာ - သီလနှင့် စပ်တဲ့ စကား
(၇) သမာဓိကထာ - သမာဓိနှင့် စပ်တဲ့စကား
(၈) ပညာကထာ - ပညာနှင့် စပ်တဲ့စကား
(၉) ဝိမုတ္တိကထာ - နိဗ္ဗာန်နှင့် စပ်တဲ့စကား
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်တဲ့စကားတို့ ဖြစ်တယ်။ (၁-မှတ်စီ)(မ၊မြန်၊၃။၁၆၂။)

၆။ (က)လုလင်၊ လောကမှာ တချို့လူဟာ သူတပါးကို ညှဉ်းဆဲလေ့ ရှိတယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက် တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အနာရောဂါ များသူဖြစ်တယ်။ လုလင်၊ သူတပါးကို ညှဉ်းဆဲခြင်းဟာ အနာရောဂါများကြောင်း အကျင့် ဖြစ်တယ်။

(ခ) လုလင်၊ လောကမှာ တချို့လူဟာ အမျက်ဒေါသ ထွက်လေ့ ရှိတယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက် တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အဆင်းမလှသူ ဖြစ်တယ်။ လုလင်၊ အမျက်ဒေါသ ထွက်ခြင်းဟာ အဆင်းမလှကြောင်း အကျင့်ဖြစ်တယ်။

(ဂ) လုလင်၊ လောကမှာ တချို့လူဟာ သူတပါးအား မနာလို စိတ်ရှိတယ်။ သူ သေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက် တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အခြံအရံနည်းသူ ဖြစ်တယ်။ လုလင်၊ သူတပါးအား မနာလိုခြင်းဟာ အခြံအရံ နည်းကြောင်း အကျင့် ဖြစ်တယ်။

(ဃ) လုလင်၊ လောကမှာ တချို့လူဟာ ပေးလှူလေ့မရှိဘူး။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ စည်းစိမ်ဥစ္စာ နည်းနည်းရှိသူ ဖြစ်တယ်။ လုလင်၊ မပေးလှူခြင်းဟာ စည်းစိမ်ဥစ္စာ နည်းနည်းရှိကြောင်း အကျင့် ဖြစ်တယ်။

(င) လုလင်၊ လောကမှာ တချို့လူဟာ ခက်ထန်သူ မာနကြီးသူ ဖြစ်တယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက် တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အမျိုးညံ့သူ ဖြစ်တယ်။ လုလင်၊ ခက်ထန်ခြင်း မာနကြီးခြင်းဟာ အမျိုးညံ့ကြောင်း အကျင့် ဖြစ်တယ်။

(၂-မှတ်စီ)(မ၊မြန်၊၃။၂၄၇။)

၇။ အာနန္ဒာ၊ နောင်အခါမှာ ရဟန်းအမည်ခံရုံမျှသာ ရှိတဲ့ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာကြလိမ့်မယ်။ သူတို့ရဲ့ လည်ပင်း မှာ သင်္ကန်းစများကို ဖွဲ့ချည်ထားကြလိမ့်မယ်။ သူတို့ဟာ သီလ မရှိသူများ၊ ယုတ်မာ ဆိုးသွမ်းတဲ့ ကိုယ်ကျင့် ရှိသူများ ဖြစ်ကြလိမ့်မယ်။ သံဃာကို ရည်မှန်းပြီး အဲဒီ သီလမရှိ သူတို့အား လှူဒါန်းကြလိမ့်မယ်။ အဲဒီအခါမှာတောင်မှ သံဃိကအလှူဟာ မရေမတွက်နိုင်အောင် ကောင်းကျိုးများ တယ်လို့ ငါဘုရား ဟောတော်မူတယ်။ သံဃိကအလှူထက် ပုဂ္ဂလိက အလှူဟာ ဘယ်နည်းနဲ့မှ အကျိုးမများနိုင်-ဟု ငါ ဘုရား ဟောတော်မူတယ်။

မှတ်ချက်။-။သံဃိက အလှူ ဖြစ်ပါသည်။ အကျိုးများပါသည်-ဟု လိုရင်း ဖြေလျှင်လည်း အမှတ် ပေးပါ။

(၁၀-မှတ်)(မ၊မြန်၊၃။၃၀၄။)

၈။ မရှိသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ထိုက် (မကိုးကွယ်ထိုက်)သော ပုဂ္ဂိုလ်များ

သူကြွယ်တို့၊ သင်တို့ကို တခြားအယူရှိကြတဲ့ ပရိဗိုဇ်များက "ဘယ်လို ရဟန်းပုဏ္ဏားတို့ကို မရှိသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ထိုက်သလဲ"လို့ မေးခဲ့လျှင် "တချို့ ရဟန်းပုဏ္ဏားတို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေ အပေါ်မှာ ရာဂ, ဒေါသ၊ မောဟ မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့စိတ် မရှိကြ၊ ကိုယ်နှုတ်စိတ်တို့ဖြင့် အလွန်မညီမမျှ (အလွန်မငြိမ်းမချမ်း) ကျင့်နေ ကြတယ်။ အဲဒီလို ရဟန်းပုဏ္ဏားများကို မရှိသေထိုက်၊ မလေးစား ထိုက်၊ မမြတ်နိုးထိုက်၊ မပူဇော်ထိုက်ဘူး။ ဘာ့ကြောင့်လဲဆိုတော့- ငါတို့လည်း မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေ အပေါ်မှာ ရာဂ, ဒေါသ, မောဟ, မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့ စိတ် မရှိကြ။ ကိုယ်နှုတ်စိတ်တို့ဖြင့် အလွန် မညီမမျှ (အလွန် မငြိမ်းမချမ်း) ကျင့်နေကြတယ်။ ဒီတော့ သူတို့ရဲ့ အကျင့်ဟာ ငါတို့ရဲ့ အကျင့်နှင့် တူတယ်။ ငါတို့ထက် သာတဲ့အကျင့်ကို မတွေ့ရ။ ဒါ့ကြောင့် အဲဒီလို ရဟန်း ပုဏ္ဏားများကို မရှိသေထိုက်၊ မလေးစားထိုက်၊ မမြတ်နိုးထိုက်၊ မပူဇော်ထိုက်။

နားဖြင့် ကြားရတဲ့ အသံ၊ နှာခေါင်းဖြင့် နမ်းရှုရတဲ့အနံ့၊ လျှာဖြင့် လျက်ရတဲ့အရသာ၊ ကိုယ်ဖြင့် တွေ့ထိရတဲ့ တွေ့ထိစရာ၊ စိတ်ဖြင့် သိရတဲ့ သိစရာတို့မှာလည်း ထို့အတူပဲ ဖြစ်တယ်"လို့ သင်တို့ ဖြေကြရမယ်။

ရှိသေလေးစား၊ မြတ်နိုးပူဇော်ထိုက် (ကိုးကွယ်ထိုက်)သော ပုဂ္ဂိုလ်များ

သူကြွယ်တို့၊ သင်တို့ကို တခြားအယူရှိကြတဲ့ ပရိဗိုဇ်များက "ဘယ်လို ရဟန်း ပုဏ္ဏားတို့ကို ရှိသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော် ထိုက်သလဲ"လို့ မေးခဲ့လျှင် "တချို့ရဟန်း ပုဏ္ဏားတို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေအပေါ်မှာ ရာဂ, ဒေါသ, မောဟ, ကင်းကြတယ်။ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့ စိတ်ရှိကြတယ်။ ကိုယ်နှုတ်စိတ်တို့ဖြင့် ညီမျှတဲ့ (ငြိမ်းအေးတဲ့) အကျင့်ကို ကျင့်နေ ကြတယ်။ အဲဒီလို ရဟန်း ပုဏ္ဏားများကို ရှိသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ထိုက်တယ်။ ဘာကြောင့်လဲဆိုတော့- ငါတို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေအပေါ်မှာ ရာဂ, ဒေါသ, မောဟ, မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့ စိတ်မရှိကြ။ ကိုယ်နှုတ်စိတ် တို့ဖြင့် အလွန်မညီမညွတ် (အလွန်မငြိမ်းမချမ်း) ကျင့်နေကြတယ်။ ဒီတော့ သူတို့ရဲ့ အကျင့်ဟာ ငါတို့ရဲ့ အကျင့်နှင့် မတူ၊ ငါတို့ထက် သာလွန်နေတာကို တွေ့မြင်ရတယ်။ ဒါ့ကြောင့် အဲဒီ ရဟန်းပုဏ္ဏား များကို ရှိသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ထိုက်တယ်။

နားဖြင့် ကြားရတဲ့ အသံ၊ နှာခေါင်းဖြင့် နမ်းရှုရတဲ့ အနံ့၊ လျှာဖြင့် လျက်ရတဲ့အရသာ၊ ကိုယ်ဖြင့် တွေ့ထိရတဲ့ တွေ့ထိစရာ တို့မှာလည်း ထို့အတူပဲ ဖြစ်တယ်"လို့ သင်တို့ ဖြေကြားကြရမယ်။(၅+၅-မှတ်)(မ၊မြန်၊၃။၃၄၄။)

၉။ (က)အာနာပါနဿတိသုတ္တန်ကို သာဝတ္ထိမြို့ပုဗ္ဗာရုံကျောင်းတော်၌ ဟောတော်မူသည်။

(ခ)ဒေဝဒူတသုတ္တန်ကို သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည်။

(၅+၅-မှတ်)(မ၊မြန်၊၃။၁၂၆။၂၂၀)

၁၀။ (က) ဒက္ခိဏာဝိဘင်္ဂသုတ္တန်ကို ကပိလဝတ်မြို့၌ ဟောတော်မူသည်။

(ခ)ပိဏ္ဍပါတပါရိသုဒ္ဓိသုတ္တန်ကို ဘုရားရှင်က အရှင်သာရိပုတြာအား ဟောတော်မူသည်။

(၅+၅-မှတ်)(မ၊မြန်၊၃။၃၀၀။၃၄၇။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၃) သုတ္တန္တပိဋက

## ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေ

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၄. ၆. ၂၀၁၅) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ အထင်အမှတ် မှားလျှင် အပြုအမူ မှားပုံကို မြားဆိပ်သင့်ဥပမာဖြင့် ထင်ရှားအောင် ဖော်ပြခဲ့ပါ။

၂။ မြတ်စွာဘုရားက တပည့်များကို ဆုံးမတော်မူလိုက်သောအခါ မြတ်စွာဘုရား၏ အဆုံးအမကို ရကြသော တပည့်များ အားလုံး နိဗ္ဗာန်သို့ ရောက်ကြပါသလော–ဟူသော ဂဏကမောဂ္ဂလာန်ပုဏ္ဏား၏ အမေးကို မြတ်စွာဘုရားက အဘယ်သို့ ဖြေကြားတော်မူခဲ့ပါသနည်း၊ ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

၃။ ရဟန္တာ ဟုတ်/ မဟုတ် စိစစ်နည်းကို ဆဗ္ဗိသောဓနသုတ်ကို အကျဉ်းချုံး၍ ဖော်ပြခဲ့ပါ။

၄။ ကာယဂတာသတိကို ပွားများရကျိုး (၁၀)ပါးကို ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

၅။ ကိလေသာခေါင်းပါးကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော စကား (၁၀)မျိုးကို ဖော်ပြခဲ့ပါ။

၆။ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ ညီညီညွတ်ညွတ်၊ ရွှင်ရွှင်ပျပျ၊ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ကြပုံကို ဘုရားရှင်အား လျှောက်ထားသည့်အတိုင်း ဖော်ပြခဲ့ပါ။

၇။ လူ့အဖြစ် ရခဲပုံကို လိပ်ကန်းဥပမာဖြင့် ဖော်ပြခဲ့ပါ။

၈။ ဆွမ်းကျေးဇူးဆပ်နည်းကို ပိဏ္ဍပါတပါရိသုဒ္ဓိသုတ္တန်ကို အကျဉ်းချုံး၍ ဖော်ပြခဲ့ပါ။

၉။ အနုရုဒ္ဓသုတ်ကို ---------------------------------က ---------------------------
–တို့အား ဟောကြားတော်မူခဲ့ပါသနည်း၊ မှန်ကန်စွာ ဖြေဆိုပါ။

၁၀။ စူဠကမ္မဝိဘင်္ဂသုတ်နှင့် ဓာတုဝိဘင်္ဂသုတ်တို့ကို ---------------------------------------က---
---------------------------------တို့အား ဟောကြားတော်မူခဲ့ပါသနည်း၊ မှန်ကန်အောင် ဖြေဆိုပါ။

# ၁၃၇၇ – ခုနှစ်၊
# ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် အဖြေ

၁။ အထင်အမှတ်မှားလျှင် အပြုအမူမှားပုံကို မြားဆိပ်သင့် ဥပမာ –

သုနက္ခတ္တ ဤသာသနာ၌ အချို့သော ရဟန်းသည် ''ငါ့ကား တဏှာတည်းဟူသော မြားငြောင့်ကို နုတ်၍ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကိုလည်း ပယ်ရှားကာ နိဗ္ဗာန်၌ ကောင်းစွာသက်ဝင်နှစ်မြုပ်သော စိတ်ရှိလေပြီးဟု ထင်မှတ်လျက် နိဗ္ဗာန်၌ ကောင်းစွာ သက်ဝင်နှစ်မြုပ်သော စိတ်ရှိသူအား မလျောက်ပတ်သော အာရုံတို့ကို လိုက်စားအားထုတ်ရာ၏။ ဤသို့ မလျောက်ပတ်သော အာရုံတို့ကို

လိုက်စားအားထုတ်သော ရဟန်းသည် ရာဂ ဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သေခြင်းသို့သော်လည်းကောင်း၊ သေလုနီးပါး ဆင်းရဲသို့သော်လည်းကောင်း ရောက်ရာ၏။''

သုနက္ခတ္တ၊ ဥပမာကား– ဆိပ်လူးမြားစူးဝင်သော လူနာအား ဆေးဆရာသည် ဓားငယ်ဖြင့် အနာဝကို ခွဲစိပ်ပြီး ငြောင့်ရှာဖွေတံဖြင့် မြားငြောင့်ကို ရှာ၍ နုတ်ပေးရာ၏။ ကြွင်းကျန်နေသော အဆိပ်အတောက်ကိုလည်း ဖယ်ရှားပစ်ရာ၏။ ထို့နောက် ဆေးဆရာသည် ထိုလူနာအား ''အမောင် ငါသည် သင်၏ မြားငြောင့်ကို နုတ်ပြီးပြီ၊ အဆိပ်အတောက်ကိုလည်း ဖယ်ရှားပြီးပြီ။ သင့်မှာ အန္တရာယ်မရှိတော့၊ သင်သည် သင့်တော်သော အစာတို့ကိုသာ စားလော့၊ မသင့်တော်သော အစာကို စားလျှင် အနာမှ ပြည်ယိုလိမ့်မည်။ ရံဖန်ရံခါ အနာကို ဖန်ဆေး၍ ဆေးလိမ်းကျံလော့။ ဖန်ဆေးခြင်း၊ ဆေးလိမ်းကျံခြင်း မပြုလျှင် အနာဝ၌ ပြည်သွေးမြေးယှက်လိမ့်မည်။ လေနေပူထဲ၌ လှည့်လည်ပါကလည်း မြူမှုန်နှင့် ဆူးငြောင့်များက အနာကို ဖျက်ဆီးလိမ့်မည်။ ထို့ကြောင့် သင်သည် အနာကို အစဉ်စောင့်ရှောက်၍ နေပါလော''ဟု ပြောဆိုရာ၏။

ထိုအခါ လူနာသည် ''ငါ့အနာကား စိုးရိမ်ရန် မရှိတော့ပြီ''ဟု ယူဆလျက် မသင့်တော်သော အစာများကို စားလေရာ အနာမှ ပြည်များ ယိုစီးလေ၏။ အနာကို ဖန်လည်းမဆေး၊ ဆေးလည်း မလိမ်းကျံသောကြောင့် အနာဝ၌ သွေးပြည်များ မြေးယှက်၏။ လေ၊ နေပူထဲ၌ လှည့်လည်သဖြင့် မြူမှုန်နှင့် ဆူးငြောင့်များက အနာကို ဖျက်ဆီးလေ၏။ ဤသို့ဖြင့် အနာသည် ပြန်လည်ကြီးထွားလာပြီး ထိုလူနာသည် သေခြင်းသို့သော်လည်းကောင်း၊ သေလုနီးပါးဆင်းရဲသို့သော်လည်ကောင်း ရောက်ရာ၏။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် ဤသာသနာ၌ အချို့သော ရဟန်းသည် ''ငါ့ကား တဏှာတည်းဟူသော မြားငြောင့်ကိုနုတ်၍ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကိုလည်း ပယ်ရှားကာ နိဗ္ဗာန်၌ ကောင်းစွာသက်ဝင် နှစ်မြုပ်သော စိတ်ရှိလေပြီဟု ထင်မှတ်လျက် နိဗ္ဗာန်၌ ကောင်းစွာသက်ဝင် နှစ်မြုပ်သော စိတ်ရှိသူအား မလျောက်ပတ်သော အာရုံတို့ကို လိုက်စားအားထုတ်ရာ၏။ ဤသို့ မလျောက်ပတ်သော အာရုံတို့ကို လိုက်စားအားထုတ်သော ရဟန်းသည် ရာဂ ဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သေခြင်းသို့သော်လည်းကောင်း၊ သေလုနီးပါး ဆင်းရဲသို့သော်လည်းကောင်း ရောက်ရာ၏။''

သုနက္ခတ္တ မြတ်စွာဘုရား၏ သာသနာတော်၌ သိက္ခာချ၍ လူထွက်ခြင်းသည် သေခြင်းမည်၏။ သုနက္ခတ္တ ညစ်ညူးသော ဂရုကအာပတ်တခုခုသို့ ရောက်ခြင်းသည် သေလောက်နီးပါးဖြစ်သော ဆင်းရဲမည်၏။ ဤအကြောင်းသည် ရှိ၏။ (မ၊၃။ ပါ – ၄၃၊၄၄)

၂။ ဂဏကမောဂ္ဂလာန်ပုဏ္ဏား၏ အမေးကို မြတ်စွာဘုရားကဖြေကြားပုံ –

''ပုဏ္ဏား ဤသို့ သွန်သင်ဆုံးမအပ်သော ငါ၏ တပည့်တို့တွင် အချို့သည် ဘဝအဆုံးဖြစ်သော နိဗ္ဗာန်ကို ပြီးမြောက်စေနိုင်ကြကုန်၏။ အချို့ကား မပြီးမြောက်စေနိုင်ကြပေ''။

''အရှင်ဂေါတမ နိဗ္ဗာန်သည်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းသည်လည်းကောင်း၊

ညွှန်ပြသူ အရှင်ဂေါတမသည်လည်းကောင်း ရှိပါလျက် အဘယ်ကြောင့် အချို့သော တပည့်တို့သည် ဘဝအဆုံးဖြစ်သော နိဗ္ဗာန်ကို မပြီးမြောက်စေနိုင်ကြပါကုန်သနည်း''။

''ပုဏ္ဏား ဤအရာ၌ သင့်ကို ငါ တစ်ခုမေးအံ့၊ ရာဇဂြိုဟ်မြို့သို့ သွားလိုသူတစ်ဦးသည် သင့်ထံလာ၍ လမ်းခရီးကို မေးသဖြင့် သင်သည် ထိုသူအား ရာဇဂြိုဟ်သို့သွားရာ လမ်းခရီးကို ညွှန်ကြားလိုက်ရာ၏။ သို့သော်လည်း ထိုခရီးသွားသည် လွဲမှားသော ခရီးလမ်းကို လိုက်၍ နောက်သို့ ပြန်လှည့်သွားရာ၏။ ထို့နောက် အခြားသော ခရီးသွားတစ်ယောက်ကား သင် ညွှန်ပြရာ လမ်းအတိုင်း လိုက်သွားသဖြင့် ရာဇဂြိုဟ်မြို့သို့ ချောမောစွာ ရောက်သွားရာ၏။ ပုဏ္ဏား ရာဇဂြိုဟ်မြို့သည်လည်းကောင်း၊ ရာဇဂြိုဟ်သို့ သွားရာ လမ်းသည်လည်းကောင်း ရှိပါလျက် အဘယ်ကြောင့် ခရီးသွားတစ်ယောက်သည် နောက်သို့ ပြန်သွားပြီး ခရီးသွားတစ်ယောက်ကား ရာဇဂြိုဟ်မြို့သို့ ချောမောစွာ ရောက်ပါသနည်း''။

''အရှင်ဂေါတမ ကျွန်ုပ်သည် လမ်းခရီး ညွှန်ပြရုံမှတစ်ပါး ဘာကိုမျှ ပြုလုပ်နိုင်သူမဟုတ်ပါ''။

''ပုဏ္ဏား ထို့အတူပင် ငါဘုရားသည်လည်း နိဗ္ဗာန်ခရီးကို ညွှန်ပြရုံမှတစ်ပါး ဘာကိုမျှ ပြုလုပ်နိုင်သူ မဟုတ်ပေ''။ (မ၊၃။ ပါ – ၅၆)

၃။ ရဟန္တာ ဟုတ် မဟုတ် စိစစ်နည်း –

''ရဟန်းတို့ ဤသာသနာ၌ ရဟန်းတစ်ပါးက မိမိသည် အကျင့်မြတ်ကို ကျင့်သုံးပြီးဖြစ်၍ နောက်ထပ် ပြုဖွယ်ကိစ္စမရှိတော့ဟု အရဟတ္တဖိုလ်ကို ထုတ်ဖော်ပြောကြားခဲ့သော် ထိုရဟန်း၏ စကားကို ကျေနပ်နှစ်သက်ခြင်း၊ ကန့်ကွက်တားမြစ်ခြင်းမပြုဘဲ ပြဿနာ မေးရမည်''။

''ငါ့ရှင် သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် မြင်သည်ကို မြင်၏ဟု ပြောခြင်း၊ ကြားသည်ကို ကြား၏ဟု ပြောခြင်း၊ တွေ့သည်ကို တွေ့၏ဟု ပြောခြင်း။ သိသည်ကို သိ၏ဟု ပြောခြင်းဟူ၍ ပြောဆိုခြင်း လေးမျိုးကို ဟောကြားအပ်၏။ ဤပြောဆိုခြင်း လေးမျိုးတို့၌ အဘယ်သို့ သိမြင်သည်ဖြစ်၍ အရှင်၏ စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ပါသနည်း''။

''ရဟန်းတို့ အာသဝေါကုန်ခန်း၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဤသို့ လျော်ကန်သင့်မြတ်သော ဖြေဆိုခြင်းသည် ဖြစ်ပေရာ၏''။ ''ငါ့ရှင်တို့၊ ငါသည် မြင်အပ်သောအာရုံ၊ ကြားအပ်သောအာရုံ၊ တွေ့အပ်သောအာရုံ၊ သိအပ်သောအာရုံတို့၌ ရာဂဖြင့် တွယ်ကပ်ခြင်း၊ ဒေါသဖြင့် ရှောင်ခွာခြင်းမရှိ၊ မှီတွယ်ခြင်း ဖွဲ့နှောင်ခြင်းမရှိဘဲ လွတ်မြောက်ကင်းကွာလျက် အပိုင်းအခြားကင်းသော စိတ်ဖြင့်နေ၏။ ငါ့ရှင်တို့ ဤပြောဆိုခြင်း လေးမျိုးတို့၌ ဤသို့ သိမြင်သည်ဖြစ်၍ ငါ၏ စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပေ၏''။

''ရဟန်းတို့၊ ထိုရဟန်း၏ ဖြေဆိုချက်ကို ကောင်းလှပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး ပြဿနာကို တစ်ဆင့်တက်၍ မေးမြန်းရမည်။ ထို့အတူ ဥပါဒါနက္ခန္ဓာငါးပါးနှင့်စပ်၍လည်းကောင်း ဓာတ် ၆ ပါးနှင့် စပ်၍လည်းကောင်း အတွင်းအာယတန ၆ ပါး၊ အပြင်အာယတန ၆ ပါးနှင့် စပ်၍လည်းကောင်း စပ်၍ မေးရမည်။ ထိုတရားတို့၌ အဘယ်သို့ သိမြင်သည်ဖြစ်၍ ငါ့ရှင်၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသနည်း။''ဟု မေးရမည်။

''ရဟန်းတို့ အာသဝေါကုန်ခန်း၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဤသို့ လျော်ကန်သင့်မြတ်စွာ ဖြေဆိုခြင်းသည် ဖြစ်ပေရာ၏။ ငါ့ရှင်တို့၊ ထိုအာယတနတို့၌ စွဲမက်ခြင်း၊ နှစ်သက်ခြင်း၊ ဆာလောင်ခြင်း၊ တွယ်ကပ်စွဲမက်ခြင်း၊ စိတ်စွဲခြင်း၊ မှားယွင်းစွာ နှလုံးသွင်းခြင်း၊ ကိန်းဝပ်ခြင်းတို့၏ ကုန်ခန်းခြင်း၊ ကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်း၊ စွန့်ခွာခြင်းတို့ကြောင့် ငါ၏ စိတ်သည် လွတ်မြောက်ပြီဟု သိ၏။ ငါ့ရှင်တို့ ထိုအာယတနတို့၌ ဤသို့ သိမြင်သည်ဖြစ်၍ ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပေ၏''။

''ရဟန်းတို့၊ ထိုရဟန်း၏ ဖြေဆိုချက်ကို ကောင်းလှပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး ပြဿနာကို တစ်ဆင့်တက်၍ မေးမြန်းရမည်။ ငါ့ရှင် ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ အလုံးစုံသော ဗဟိဒ္ဓနိမိတ်အာရုံတို့၌လည်းကောင်း အဘယ်သို့ သိမြင်သည်ဖြစ်၍ အရှင်သည် ''ငါ ငါ့ဟာ'' ဟူသော ထင်မှတ်မှုများ ကိန်းဝပ်ခြင်းတို့ကို ပယ်အပ်ကုန်သနည်း''။

''ရဟန်းတို့ အာသဝေါကုန်ခန်း၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားကို ကြားနာရ၍ ရဟန်းပြုပြီး သီလကိုဖြည့်ကျင့်ခဲ့ပုံ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသတိကို စွဲမြဲစွာထားသဖြင့် ဈာန်အဆင့်ဆင့်ကိုရရှိခဲ့ပုံ၊ အာသဝေါကုန်ခန်းကြောင်းဖြစ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေသဖြင့် မိမိစိတ်သည် အာသဝေါတရားလေးပါးတို့မှ လွတ်မြောက်ခဲ့ပုံတို့ကို ဖြေကြားပြောဆိုရာ၏''။

''ရဟန်းတို့ ထိုရဟန်း၏ ဖြေဆိုချက်ကို ကောင်းလှပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး အရှင်ကဲ့သို့သော သီတင်းသုံးဖော်ကို တွေ့မြင်ရသော ငါတို့ကား အရတော်လှပေကုန်စွဟူ၍ ချီးကျူးပြောဆိုအပ်ပေသည်''။ (မ။၃။ ပါ – ၇၉)

၄။ ကာယဂတာသတိကို ပွားများရကျိုး (၁၀) ပါး –

(၁) မမွေ့လျော်မှုကို သည်းခံလွှမ်းမိုးနိုင်ခြင်း။

(၂) ကြောက်ရွံ့ထိတ်လန့်မှုကို သည်းခံလွှမ်းမိုးနိုင်ခြင်း။

(၃) အချမ်းအပူ၊ ဆာလောင်မွတ်သိပ်မှု၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့အထိ မကောင်းသော စကားနှင့် ကိုယ်ဆင်းရဲမှုတို့ကို သည်းခံနိုင်ခြင်း။

(၄) လွှန်မြတ်သော စိတ်နှင့်ယှဉ်သည့် ဈာန်လေးပါးကို အလွယ်တကူ ဝင်စားနိုင်ခြင်း။

(၅) တန်ခိုးအမျိုးမျိုးကို ပြီးမြောက်စေနိုင်ခြင်း။

(၆) ဒိဗ္ဗသောတဉာဏ်ကို ရရှိနိုင်ခြင်း။

(၇) တစ်ပါးသူတို့၏ စိတ်အကြံကို သိသော စေတော ပရိယဉာဏ်ကို ရရှိနိုင်ခြင်း။

(၈) ရှေးက မိမိဖြစ်ခဲ့ဖူးသော ဘဝများကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိနိုင်ခြင်း။

(၉) ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိနိုင်ခြင်း။

(၁၀) အာသဝေါကင်းသော အရဟတ္တဖိုလ်ကို မျက်မှောက်နိုင်ခြင်းတို့ဖြစ်၏။ (မ ၃၊ ပါ၊ ၁၃၉)

၅။ **မဟာသုညတသုတ္တန်လာ နိဗ္ဗာန်ရောက်ကြောင်း စကား (၁၀)မျိုး**

အာနန္ဒာ၊ ကိလေသာ ခေါင်းပါးကြောင်း နိဗ္ဗာန်ရောက် ကြောင်းဖြစ်တဲ့ စကား ဆယ်မျိုးရှိတယ်။
အဲဒီ ဆယ်မျိုးကတော့ -

(၁) အပ္ပိစ္ဆကထာ - အလိုနည်းမှုနှင့် စပ်တဲ့စကား
(၂) သန္တုဋ္ဌိကထာ - ရောင့်ရဲမှုနှင့် စပ်တဲ့စကား
(၃) ပဝိဝေကကထာ - ကင်းဆိတ်မှုနှင့် စပ်တဲ့စကား
(၄) အသံသဂ္ဂကထာ - မရောနှောမှုနှင့် စပ်တဲ့စကား
(၅) ဝီရိယာရမ-ကထာ - လုံ့လဝီရိယနှင့် စပ်တဲ့စကား
(၆) သီလကထာ - သီလနှင့် စပ်တဲ့ စကား
(၇) သမာဓိကထာ - သမာဓိနှင့် စပ်တဲ့စကား
(၈) ပညာကထာ - ပညာနှင့် စပ်တဲ့စကား
(၉) ဝိမုတ္တိကထာ - နိဗ္ဗာန်နှင့် စပ်တဲ့စကား
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်တဲ့စကားတို့ ဖြစ်တယ်။ (၁-မှတ်စီ)(မ၊မြန်၊၃။၁၆၂။)

၆။ စိတ်သဘောထားထားရှိကြပုံ –

အသျှင်ဘုရား ဤသာသနာတော်၌ တပည့်တော်မှာ ''အကြင် ငါသည် ဤသို့ သဘောရှိကုန်သော သီတင်းသုံးဖော်တို့နှင့် အတူနေရ၏။ ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ'' ဟု ဤသို့စိတ်ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ ဤအရှင်တို့ပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏။ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ ဝစီကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုထင်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ ''ငါသည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအရှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျောကျင့်သုံးရမူ ကောင်းပေမည်''ဟု ဤသို့ အကြံအစည်ဖြစ်ပါ၏။ အသျှင်ဘုရား တပည့်တော်သည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ [illegible] အားဖြင့်သာလျှင် လိုက်လျောကျင့်သုံးပါ၏။ အသျှင်ဘုရား တပည့်တော်တို့မှာ ကိုယ်အသီး[illegible] သော်လည်း စိတ်သည်ကား တစ်စိတ်တည်းကဲ့သို့ ဖြစ်ကြပါသည်ဟု (လျှောက်၏)။

၇။ ရဟန်းတို့ ဥပမာအားဖြင့် ယောက်ျားသည် တစ်ပေါက်သာရှိသော ထမ်းပိုးကို မဟာသမုဒ္ဒရာ၌ ပစ်ချရာ၏။ ထိုထမ်းပိုးကို အရှေ့လေသည် အနောက်အရပ်သို့ လွှင့်ဆောင်ရာ၏။ အနောက်လေသည် အရှေ့အရပ်သို့ လွှင့်ဆောင်ရာ၏။ မြောက်လေသည် တောင်အရပ်သို့ လွှင့်ဆောင်ရာ၏။ တောင်လေသည် မြောက်အရပ်သို့ လွှင့်ဆောင်ရာ၏။ ထိုသမုဒ္ဒရာ၌ လိပ်ကန်းရှိရာ၏။ ထိုလိပ်ကန်းသည် အနှစ်တစ်ရာ အနှစ်တစ်ရာကို လွန်သဖြင့် တစ်ကြိမ်ပေါ်ရာ၏။ ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း။ ထိုလိပ်ကန်းသည် ထိုတစ်ပေါက်သာရှိသော ထမ်းပိုး၌လည်ကို စွပ်မိနိုင်ရာအံ့လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား မစွပ်နိုင်ရာပါ။ မြတ်စွာဘုရား ရှည်စွာသောကာလကို လွန်သဖြင့် တစ်ခါတစ်ရံမူ စွပ်မိနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုလိပ်ကန်းသည် တစ်ပေါက်သာရှိသော ထမ်းပိုး၌ လျင်မြန်စွာ လည်ကိုစွပ်မိသော် စွပ်မိနိုင်ရာ၏။ ရဟန်းတို့ တစ်ကြိမ် အပါယ်သို့ကျသော သူမိုက်သည် လူအဖြစ်ကို (ပြန်ရရန်) အလွန်ရခဲ၏ဟု ငါဘုရား ဟောကြား၏။

(မ၊၃။၂၀၇။) (မ၊ မြန်။၃။၂၁၁။) (၁၀ မှတ်)

၈။ ဆွမ်းကျေးဇူးဆပ်နည်း –

ဤသာသနာတော်၌ သဒ္ဓါတရားဖြင့် များစွာနေလိုသော ရဟန်းသည် ''ငါ့အား ဆွမ်းခံဝင်ရာလမ်း၊ လှည့်လည်ရာအရပ် ပြန်လာရာလမ်းတို့၌ အာရုံခြောက်ပါးတို့အပေါ်ဝယ် လိုချင်တပ်မက်ခြင်း အမျက်ဒေါသထွက်ခြင်း တွေဝေမိန်းမောခြင်း စိတ်ထိခိုက်ခြင်းများ ဖြစ်ပေါ်မှုရှိခဲ့သလား'' ဟု ဆင်ခြင်ရမည်။

ကာမဂုဏ်ငါးပါး၊ နီဝရဏငါးပါးတို့ကို ပယ်ပြီး မပြီးကို ဆင်ခြင်ရမည်။ ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြား၍သိပြီး၊ ဖြစ် မဖြစ်ကို ဆင်ခြင်ရမည်။ ယင်းသို့ ဆင်ခြင်၍ ထိုတရားများကို မပယ်ရသေးကြောင်း ပိုင်းခြားသိပြီး မဖြစ်သေးကြောင်း၊ သိမြင်ခဲ့သော် ပယ်ရှားနိုင်ရန် ပိုင်းခြားသိနိုင်ရန် ကြိုးစားရမည်။ ပယ်ပြီးကြောင်းပိုင်းခြားသိပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်ရမည်။

''သာရိပုတ္တရာ၊ ထိုမှတစ်ပါးလည်း ရဟန်းသည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်နှင့် သမထဝိပဿနာတို့ကို ပွားများပြီးဖြစ်သည် မဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်၍ ထိုတရားများကို ပွားများပြီးမဖြစ်သေးကြောင်း သိမြင်ခဲ့သော် ထိုတရားများကို ပွားများနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုတရားများကို ပွားများအားထုတ်ပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်၍ နေရမည်။''

''သာရိပုတ္တရာ ထိုမှတစ်ပါးလည်း ရဟန်းသည် ဝိဇ္ဇာနှင့် ဝိမုတ္တိကို မျက်မှောက်ပြုပြီး ဖြစ်သည် မဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်၍ ထိုတရားနှစ်ပါးကို မျက်မှောက်ပြုပြီး မဖြစ်သေးကြောင်း သိမြင်ခဲ့သော် ထိုတရားနှစ်ပါးကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုတရားနှစ်ပါးကို မျက်မှောက်ပြုပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်၍ နေရမည်''။

''သာရိပုတ္တရာ ရှေးအတိတ်ကာလ၌ဖြစ်စေ၊ နောင် အနာဂတ်ကာလ၌ဖြစ်စေ၊ ယခုပစ္စုပ္ပန်ကာလ၌ဖြစ်စေ၊ ဆွမ်းကို စင်ကြယ်အောင် သုတ်သင်သော ရဟန်းပုဏ္ဏားဟူသမျှတို့သည် ဤသို့ ဆင်ခြင်၍သာလျှင် ဆွမ်းကို စင်ကြယ်အောင် သုတ်သင်ကြပေကုန်၏။ သာရိပုတ္တရာ ထို့ကြောင့် သင်တို့သည် ဆင်ခြင်သုံးသပ်၍ ဆွမ်းကို သုံးဆောင်ကုန်အံ့ဟု လေ့ကျင့်အားထုတ်ကြရမည်''။

(မ။၃။ပါ – ၃၄၃၊၃၄၄၊၃၄၅၊၃၄၆၊၃၄၇)

၉။ အနုရုဒ္ဓသုတ်ကို အရှင်အနုရုဒ္ဓါက ပဥ္စကင်္ဂလက်သမားကို ဟောကြားပါသည်။ (မ။၃။ ပါ – ၁၈၄)

၁၀။ စူဠကမ္မဝိဘင်္ဂသုတ်ကို ဗုဒ္ဓမြတ်စွာသည် တောဒေယျပုဏ္ဏား၏သား သုဘလုလင်ကို ဟောကြားပါသည်။ (မ။၃။ ပါ – ၂၄၃)

ဓာတုဝိဘင်္ဂသုတ်ကို မြတ်စွာဘုရားသည် ပုက္ကုသာတိ အမျိုးသား·
ပါသည်။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၃) သုတ္တန္တပိဋက

## ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၂၃. ၆. ၂၀၁၆) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

မေး ၁။ ပုဏ္ဏောဝါဒသုတ်ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ပုဏ္ဏောဝါဒသုတ် အနှစ်ချုပ် - အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်ပုဏ္ဏ က "တောင်းပန်ပါတယ် မြတ်စွာဘုရား၊ တပည့်တော်အား အကျဉ်းချုပ်ဩဝါဒ ပေးသနားတော်မူပါဘုရား"လို့ မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"ပုဏ္ဏ၊ လိုချင် နှစ်သက်ဖွယ်ကောင်းတဲ့ အဆင်းတို့ကို တပ်မက်စွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘဖြစ်တယ်။ တဏှာလောဘ ဖြစ်ခြင်းကြောင့် ဒုက္ခ ဖြစ်တယ်။

ထို့အတူပဲ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သိစရာ သဘောတို့ကို တပ်မက်စွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘဖြစ်တယ်။ တဏှာလောဘဖြစ်ခြင်းကြောင့် ဒုက္ခဖြစ်တယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သိစရာ သဘောတို့ကို မတပ်မက် မစွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘ ကင်းပြတ်တယ်။ တဏှာလောဘ ကင်းပြတ်ခြင်းကြောင့် ဒုက္ခကင်း ပြတ်တယ်။

ပုဏ္ဏ၊ ဒါဟာ ငါဘုရားရဲ့ ဩဝါဒအကျဉ်းချုပ်ဖြစ်တယ်။ ငါ ဘုရားရဲ့ ဒီဩဝါဒ အကျဉ်းချုပ်ကို ခံယူပြီး ဘယ်မှာ သွားနေမလို့ လဲ?"

"မြတ်စွာဘုရား၊ တပည့်တော် သုနာပရန္တဇနပုဒ်မှာ သွားနေ မလို့ပါဘုရား။"

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ်က လူတွေဟာ ခက်ထန် ကြမ်းတမ်း ကြတယ်။ သူတို့က မင်းကို ဆဲရေးကြ၊ ရေရွတ်ကြ၊ လက်နဲ့ ရိုက်ကြ၊ ခဲနဲ့ ထုကြ၊ တုတ်နဲ့ ရိုက်ကြ၊ ဓားနဲ့ ခုတ်ကြရင်၊ ဓားနဲ့ အသေသတ်ကြရင် သင် ဘယ့်နှယ်လုပ်မလဲ?"

သည်းခံပါမည် ဘုရား။

"သာဓု သာဓု ပုဏ္ဏ၊ သင့်မှာ ဒီလောက် ငြိမ်းချမ်းရေးတရား (သည်းခံခြင်း)နှင့် ပြည့်စုံမှတော့ သုနာပရန္တဇနပုဒ်မှာ နေလို့ ဖြစ်နိုင်ပါတယ်။ ကဲကဲ. . သွားလိုက သွားတော့။"

အဲဒီအခါမှာ အရှင်ပုဏ္ဏဟာ မြတ်စွာဘုရားရဲ့ မိန့်မှာတော်မူပုံကို အလွန်နှစ်သက် သဘောကျခဲ့ပါတယ်။ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီး အရိုအသေပြုခဲ့ပါတယ်။ အိပ်ရာ နေရာကို သိမ်းဆည်းပြီး သပိတ်သင်္ကန်းကို ယူကာ သုနာပရန္တဇနပုဒ်သို့ ကြွတော်မူခဲ့ပါတယ်။

အဲဒီနှစ်ဝါတွင်းမှာပဲ ဒကာ ဒကာမ တစ်ထောင်တို့အား သရဏဂုံ တည်အောင် တရားဟောပြတော်မူခဲ့ပါတယ်။ ကိုယ်တိုင်လည်း ဝိဇ္ဇာသုံးပါးကို သိပြီး ရဟန္တာ ဖြစ်ခဲ့ပါတယ်။ မကြာမီမှာပဲ အရှင်ပုဏ္ဏဟာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။

ပုဏ္ဏောဝါဒသုတ် အနှစ်ချုပ် ပြီးပြီ။(မ၊၃။၃၁၁။)(မ၊မြန်၊၃။၃၁၅။)(၁၀ မှတ်)

မေး ၂။ အရှင်ရာဟုလာအား ရဟန္တာ ဖြစ်စေခဲ့သော သုတ္တန်ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ အရှင်ရာဟုလာအား ရဟန္တာ ဖြစ်စေခဲ့သော သုတ္တန် (စူဠရာဟုလောဝါဒသုတ်) အနှစ်ချုပ် - အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါက မြတ်စွာဘုရား ဆိတ်ငြိမ်ရာသို့ ကြွတော်မူပြီး တစ်ပါးတည်း သီတင်းသုံးတော်မူစဉ်မှာ "ရာဟုလာမှာ အရဟတ္တဖိုလ်ကို ရကြောင်း တရားများ (ရဟန္တာဖြစ်ကြောင်းတရားများ) ရင့်ကျက်ကုန်ပြီ။ ရာဟုလာ ရဟန္တာဖြစ်အောင် တစ်ဆင့်တိုးပြီး တရားဟောရရင် ကောင်းမှာပဲ"လို့ စဉ်းစား ဆင်ခြင်တော်မူခဲ့ပါတယ်။ အဲဒီလို စဉ်းစားဆင်ခြင် တော်မူပြီး သာဝတ္ထိမြို့သို့ ဆွမ်းခံကြွတော်မူခဲ့ပါတယ်၊ သာဝတ္ထိမြို့ထဲမှ ဆွမ်းခံပြန်ကြွလာတော်မူတဲ့အခါ အရှင်ရာဟုလာအား "ရာဟုလာ၊ နေရာထိုင်ကို ယူခဲ့။ နေ့ခင်းပိုင်းမှာ အန္ဓဝန်တော သွားနေကြစို့" လို့ မိန့်ကြားတော်မူပါတယ်၊ "မှန်ပါ အရှင်ဘုရား"လို့ အရှင်ရာဟုလာဟာ မြတ်စွာဘုရားအား ဝန်ခံပြီး နေရာထိုင်ကို ယူကာ မြတ်စွာဘုရားရဲ့ နောက်တော်မှ တကောက်ကောက်နဲ့ လိုက်တော်မူပါတယ်။

အဲဒီအခါမှာ ထောင်ပေါင်းများစွာသော နတ်တို့ဟာ "ဒီနေ့ မြတ်စွာဘုရားဟာ အရှင်ရာဟုလာအား ရဟန္တာဖြစ်အောင် တရား ဟောလိမ့်မယ်"လို့ သိကြပြီး မြတ်စွာဘုရား နောက်တော်သို့ ဝိုင်းအုံပြီး လိုက်ကြပါတယ်။ အန္ဓဝန်တော ရောက်တော့ မြတ်စွာဘုရားဟာ သစ်ပင်တစ်ပင်ရဲ့ အောက်မှာ နေရာထိုင်နဲ့ ထိုင်တော်မူပါတယ်။ အရှင်ရာဟုလာလည်း မြတ်စွာဘုရားအား ရှိခိုးပြီး တစ်နေရာမှာ ထိုင်နေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရား က အရှင်ရာဟုလာအား အခုလို မေးမြန်းဟောကြားတော်မူပါတယ်။

"ရာဟုလာ

- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်

- အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာ သဘော

- မြင်သိစိတ်၊ ကြားသိစိတ်၊ ရှူသိစိတ်၊ လျက်သိစိတ်၊ တွေ့သိစိတ်၊ ကြံသိစိတ်

- မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာ အတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့

- အဲဒီအတွေ့ ခြောက်မျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု မှတ်သားမှု စေ့ဆော် တိုက်တွန်းမှု သိမှု-တို့ဟာ မြဲကြသလား? မမြဲကြဘူးလား?"

"မမြဲကြပါ အရှင်ဘုရား။"

"မမြဲကြတဲ့ အဲဒီ သဘောတရားတွေဟာ ဆင်းရဲကြသလား? ချမ်းသာကြသလား?"

"ဆင်းရဲကြပါတယ်ဘုရား။"

"မမြဲကြ၊ ဆင်းရဲကြ၊ ဖောက်ပြန်ခြင်းသဘောရှိကြတဲ့ အဲဒီ တရားတွေကို 'ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်း ဖြစ်တဲ့အရာပဲ' လို့ ရှုမှတ်သင့်သလား?"

"မရှုမှတ်သင့်ပါဘုရား။"

ရာဟုလာ၊ အဲဒီလို မျက်စိစသည်ရဲ့ မမြဲခြင်းစသည်ကို သိမြင်တဲ့ အကြားအမြင်များတဲ့ ဘုရားသားတော်ဟာ မျက်စိ စသည်မှာ ငြီးငွေ့လာတယ်။ ငြီးငွေ့ပြီး တပ်မက်မှု ကင်းလာတယ်။ တပ်မက်မှု ကင်းတဲ့အတွက် လွတ်မြောက်သွားတယ်။ (ကိလေသာနယ်ကို ကျော်လွန်သွားတယ်။) ကိလေသာနယ်ကို ကျော်လွန်တဲ့အခါ ကိလေသာနယ်ကို ကျော်လွန်ပြီ - ဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်။ "ဘဝသစ်မှာ ပဋိသန္ဓေ နေစရာ ငါ့မှာ ကုန်ပြီ။ မြတ်သော မဂ်တရားကို (ရအောင်) ကျင့်သုံးပြီးပြီ။ ပြုကျင့်စရာကို ပြုကျင့်ပြီး ပြီ။ ဒီလို မဂ်တရားမျိုး ရဖို့ရာ နောက်ထပ် ပြုကျင့်စရာ မရှိတော့ပြီ"လို့ သိတယ်။

အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အခါ အရှင်ရာဟုလာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန် နှစ်သက် သဘောကျခဲ့ပါတယ်။ ဒီတရားတော်အပြီးမှာ အရှင်ရာဟုလာ ရဟန္တာ ဖြစ်တော်မူခဲ့ပါတယ်။ ထောင်ပေါင်း များစွာသော နတ်တို့လည်း မဂ်တရားလေးပါးကို အသီးအသီး ရခဲ့ကြပါတယ်။

စူဠရာဟုလောဝါဒသုတ် ပြီးပြီ။(မ၊၃။၃၂၅။)(မ၊မြန်၊၃။၃၂၉။)(၁၀ မှတ်)

မေး ၃။ အောက်ပါတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

(က) အမြတ်ဆုံး အမြစ်နံ့သာ၊ (ခ) အမြတ်ဆုံး အနှစ်နံ့သာ၊

(ဂ) အမြတ်ဆုံး အပွင့်နံ့သာ၊ (ဃ) အမြတ်ဆုံး တရား။

ဖြေ။ (က)အမြတ်ဆုံး အမြစ်နံ့သာ စန္ဒကူးနက် (ခ) အမြတ်ဆုံး အနှစ်နံ့သာ စန္ဒကူးနီ (ဂ) အမြတ်ဆုံး အပွင့်နံ့သာ မုလေးပန်း (ဃ) အမြတ်ဆုံးတရား မြတ်စွာဘုရား၏ အဆုံးအမတရား။ (မ၊၃။၅၇။)(မ၊မြန်၊၃။၆၁။)(၁၀ မှတ်)

မေး ၄။ အာနာပါနဿတိကို အကျိုးများအောင် ပွားများနည်းကို အာနာပါနဿတိသုတ္တန်လာအတိုင်း ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့ ပွါးများလေ့လာသည်ရှိသော် များသော အကျိုးရင်း အကျိုးဆက်ရှိသနည်း။ ရဟန်းတို့ ရဟန်းသည် တောသို့ ကပ်သည်ဖြစ်၍လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍လည်းကောင်း တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေ၍ ထိုင်နေ၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ထွက်သက်ကို ဖြစ်စေ၏၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သာလျှင် ဝင်သက်ကို ဖြစ်စေ၏။

ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသော ထွက်သက်ကို ဖြစ်စေ၏"ဟု သိ၏၊ ရှည်စွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသော ဝင်သက်ကို ဖြစ်စေ၏"ဟု သိ၏။ တိုစွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "တိုစွာသော ထွက်သက်ကို ဖြစ်စေ၏"ဟု သိ၏၊ တိုစွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် "တိုစွာသော ဝင်သက်ကို ဖြစ်စေ၏"ဟု သိ၏။ "အစ အလယ် အဆုံး ဟူသော အလုံးစုံသော ထွက်သက်အပေါင်းကို ထင်ထင်ရှားရှားသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "အစ အလယ် အဆုံးဟူသော အလုံးစုံသော ဝင်သက်အပေါင်းကို ထင်ထင်ရှားရှားသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရုန့်ရင်းသော (ထွက်သက်လေဟူသော) ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရုန့်ရင်းသော (ဝင်သက်လေဟူသော) ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

"နှစ်သိမ့်ခြင်း 'ပီတိ' ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "နှစ်သိမ့်ခြင်း 'ပီတိ' ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ချမ်းသာခြင်း 'သုခ' ကို ထင်စွာလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ချမ်းသာခြင်း 'သုခ' ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "(ဝေဒနာ သညာဟူသော) စိတ္တသင်္ခါရကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "(ဝေဒနာ သညာဟူသော) စိတ္တသင်္ခါရကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရုန့်ရင်းသော (ဝေဒနာ သညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရုန့်ရင်းသော (ဝေဒနာ သညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

"စိတ်ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

"စိတ်ကို အာရုံ၌ကောင်းစွာထားလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို အာရုံ၌ ကောင်းစွာ ထားလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "စိတ်ကို ကိလေသာမှ လွတ်စေလျက် ထွက့်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

"အနိစ္စဟု အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ အနိစ္စဟု အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှု လျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ကိလေသာကို စွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန် ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ကိလေသာကို စွန့်ရာနိဗ္ဗာန်

စွန့်တတ်သောမင်္ဂကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ ရဟန်းတို့ ဤသို့ ပွါးများလေ့လာထားသော အာနာပါနသတိသည် များမြတ်သော အကျိုးအာနိသင်ရှိ၏။(မ၊၃၊၁၂၄၊)(မမြန်၊၃၊၁၂၈၊)(၁၀ မှတ်)

မေး ၅။ ကာယဂတာသတိပွားများရကျိုး ဆယ်ပါးအနက် ရှေ့ငါးပါးကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ကိုယ်အစုကို အာရုံပြုသော သတိကို အဖန်ဖန် မှီဝဲအပ်သော် ပွါးများလေ့လာအပ်သော် ယာဉ်ကဲ့သို့ ပြုအပ်သော် တည်ရာကဲ့သို့ ပြုအပ်သော် အဖန်ဖန်ဖြစ်စေအပ်သော် လေ့ကျက်အပ်သော် ကောင်းစွာ အားထုတ်အပ်သော် အာနိသင်ဆယ်ပါးတို့သည် မချွတ်ဖြစ်ကုန်လတ္တံ့။

မမွေ့လျော်ခြင်းကို သည်းခံနိုင်၏၊ ထိုမမွေ့လျော်ခြင်းကို သည်းမခံနိုင်စေကာမူ ဖြစ်ပေါ်လာသော မမွေ့မလျော်ခြင်းကို လွှမ်းမိုး၍ နေနိုင်၏။ (၁)

ကြောက်ခြင်း ထိတ်လန့်ခြင်းကို သည်းခံနိုင်၏၊ ထိုကြောက်ခြင်း ထိတ်လန့်ခြင်းကို သည်းမခံနိုင်စေကာမူ ဖြစ်ပေါ်လာသော ကြောက်ခြင်း ထိတ်လန့်ခြင်းကို လွှမ်းမိုး၍ နေနိုင်၏။ (၂)

အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းအတွေ့တို့ကိုလည်း သည်းခံနိုင်၏၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုလည်းကောင်း၊ ကိုယ်၌ဖြစ်ဆဲ ဖြစ်ကုန်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်မြို့ဖွယ်သော အသက်ကို ဆောင်နိုင်သော ဆင်းရဲဝေဒနာတို့ကိုလည်းကောင်း သည်းခံနိုင်ခြင်းသဘော ရှိသူ ဖြစ်၏။ (၃)

အထူးသဖြင့် စင်ကြယ်သောစိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၌ ချမ်းချမ်းသာသာ နေမှုဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်းဘဲ ရ၏။ (၄)

ထိုပုဂ္ဂိုလ်သည် တစ်ပါးမက များသော အပြားရှိသော ဣဒ္ဓိဝိ-အဘိညာဏ်ကို ပြီးစေနိုင်၏၊ တစ်ယောက်တည်း ဖြစ်လျက်လည်း အများအပြား ဖြစ်သွား၏၊ အများအပြားဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ပ၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလို အတိုင်း ဖြစ်စေနိုင်၏။ (၅)

(မ၊၃၊၁၃၉၊)(မမြန်၊၃၊၁၄၃၊)(၁၀ မှတ်)

မေး ၆။ လူ့ဘဝ ရခဲပုံကို ထင်ရှားအောင် လိပ်ကန်းဥပမာဖြင့် ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် တစ်ပေါက်သာရှိသော ထမ်းပိုးကို မဟာသမုဒ္ဒရာ၌ ပစ်ချရာ၏၊ ထိုထမ်းပိုးကို အရှေ့လေသည် အနောက်အရပ်သို့ လွှင့်ဆောင်ရာ၏၊ အနောက်လေသည် အရှေ့အရပ်သို့ လွှင့်ဆောင်ရာ၏၊ မြောက်လေသည် တောင်အရပ်သို့ လွှင့်ဆောင်ရာ၏၊ တောင်လေသည် မြောက်အရပ်သို့ လွှင့်ဆောင်ရာ၏။ ထိုသမုဒ္ဒရာ၌ လိပ်ကန်းသည် ရှိရာ၏၊ ထိုလိပ်ကန်းသည် အနှစ်တစ်ရာ အနှစ်တစ်ရာကို လွန်သဖြင့် တစ်ကြိမ် ပေါ်ရာ၏။ ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ ထိုလိပ်ကန်းသည် ထိုတစ်ပေါက်သာရှိသော ထမ်းပိုး၌ လည်ကို စွပ်မိနိုင်ရာအံ့လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား မစွပ်မိနိုင်ရာပါ၊ မြတ်စွာဘုရား ရှည်စွာသောကာလကို လွန်သဖြင့် တစ်ခါတစ်ရံမူ စွပ်မိနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုလိပ်ကန်းသည် တစ်ပေါက်သာရှိသော ထမ်းပိုး၌ လျင်မြန်စွာ လည်ကို စွပ်မိသော် စွပ်မိနိုင်ရာ၏။ ရဟန်းတို့ တစ်ကြိမ် အပါယ်သို့ကျသော သူမိုက်သည် လူအဖြစ်ကို (ပြန်ရရန်) အလွန်ရခဲ၏ဟု ငါဘုရားဟောကြား၏။ (မ၊၃၊၂၀၇၊)(မမြန်၊၃၊၂၁၁၊)(၁၀ မှတ်)

မေး ၇။ အယူစသည် မှားက မြတ်သော အကျင့်ကို ကျင့်ကြသော်လည်း အကျိုးမရနိုင်ကြောင်းကို ဆီကြိတ်မှားပုံ ဥပမာဖြင့် တင်ပြခဲ့ပါ။

ဖြေ။ ဘူမိဇ ဥပမာအားဖြင့် ဆီကိုအလိုရှိ၍ ဆီကိုရှာမှီးသော ဆီရှာလှည့်လည်သော ယောကျ်ားသည် သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်ရာ၏၊ တောင့်တခြင်းကိုပြု၍ သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ တောင့်တခြင်းကို မပြုမူ၍ သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ တောင့်တခြင်းကို ပြု၍လည်းကောင်း၊

တောင့်တခြင်းကို မပြုမူ၍လည်းကောင်း သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်၊ တောင့်တခြင်းကို မပြုမူ၍လည်းကောင်း၊ တောင့်တခြင်းကို မပြုသည် မဟုတ်ဘဲလည်းကောင်း သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်၊ ထိုသို့မရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ - ဘူမိဇ ထိုသို့ပြုခြင်းသည် ဆီကိုရခြင်းငှါ အကြောင်းမသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှားသော အယူရှိကုန်သော, မှားသော အကြံအစည်ရှိကုန်သော, မှားသော စကားရှိကုန်သော, မှားသော အလုပ်ရှိကုန်သော, မှားသော အသက်မွေးခြင်းရှိကုန်သော, မှားသော လုံ့လရှိကုန်သော, မှားသော အောက်မေ့ခြင်းရှိကုန်သော, မှားသော တည်ကြည်ခြင်းရှိကုန်သော, ခပ်သိမ်းကုန်သော သမဏတို့သည်လည်းကောင်း၊ ဗြာဟ္မဏတို့သည်လည်းကောင်း တောင့်တခြင်းကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်၊ တောင့်တခြင်းကို မပြုမူ၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်၊ တောင့်တခြင်းကို ပြု၍လည်းကောင်း၊ တောင့်တခြင်းကို မပြု မူ၍လည်းကောင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်၊ တောင့်တခြင်းကို မပြုမူ၍လည်းကောင်း တောင့်တခြင်းကို မပြုသည်မဟုတ်ဘဲလည်းကောင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုး မရထိုက်ကုန်၊ ထိုသို့မရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ - ဘူမိဇ ထိုအကျင့်သည် အကျိုးရခြင်းငှါ အကြောင်းမသင့်သောကြောင့်ပေတည်း။

(မ၊၃၊၁၈၀၊)(မ၊မြန်၊၃၊၁၈၅၊)(၁၀ မှတ်)

မေး-၈။ အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းဟူသည် အဘယ်နည်း? သစ္စဝိဘင်္ဂသုတ်နှင့် အညီ ဖြေဆိုခဲ့ပါ။

ဖြေ။ ငါ့သျှင်တို့ အလိုရှိသည်ကို မရ၍ ဆင်းရဲခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ' သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ'သဘော မရှိကြကုန်မူ ကောင်းလေစွ၊ ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ'သည် ငါတို့ထံ မလာရောက်မူကားကောင်း လေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့တောင့်တသော်လည်း ဤဇာတိမလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်း မည်၏။ ငါ့သျှင်တို့ အိုမင်းခြင်း 'ဇရာ'သဘောရှိကုန်သော သတ္တဝါတို့အား။ ပ၊ ငါ့သျှင်တို့ ဖျားနာခြင်း 'ဗျာဓိ'သဘောရှိကုန်သော သတ္တဝါတို့အား။ ငါ့သျှင်တို့ သေခြင်း 'မရဏ'သဘောရှိကုန်သော သတ္တဝါတို့အား။ ငါ့သျှင်တို့ စိုးရိမ်ပူပန်ခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် စိုးရိမ်ပူပန်ခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' သဘောမရှိကြကုန်မူ ကောင်းလေစွ၊ စိုးရိမ်ပူပန်ခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့တောင့်တသော်လည်း ဤသောကစသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းမည်၏။ (မ၊၃၊၂၉၃၊)(မ၊မြန်၊၃၊၂၉၈၊)(၁၀ မှတ်)

မေး ၉။ အောက်ပါတို့ကို မှန်အောင် ဆုံးဖြတ်ပြခဲ့ပါ။

(က) သူယုတ်မာသည် သူယုတ်မာကို သူယုတ်မာ-ဟု သိနိုင်သည်/မသိနိုင်ပါ။
(ခ) သူယုတ်မာသည် သူတော်ကောင်းကို သူတော်ကောင်း-ဟု သိနိုင်သည်/မသိနိုင်ပါ။
(ဂ) သူတော်ကောင်းသည် သူတော်ကောင်းကို သူတော်ကောင်း-ဟု သိနိုင်သည်/မသိနိုင်ပါ။
(ဃ) သူတော်ကောင်းသည် သူယုတ်မာကို သူယုတ်မာ-ဟု သိနိုင်သည်/မသိနိုင်ပါ။

ဖြေ။ (က) သူယုတ်မာသည် သူယုတ်မာကို သူယုတ်မာ-ဟု မသိနိုင်ပါ။
(ခ) သူယုတ်မာသည် သူတော်ကောင်းကို သူတော်ကောင်း-ဟု မသိနိုင်ပါ။
(ဂ) သူတော်ကောင်းသည် သူတော်ကောင်းကို သူတော်ကောင်း-ဟု သိနိုင်ပါသည်။
(ဃ) သူတော်ကောင်းသည် သူယုတ်မာကို သူယုတ်မာ-ဟု သိနိုင်ပါသည်။ (မ၊၃၊၇၀၊)(မ၊မြန်၊၃၊၇၅၊)(၁၀ မှတ်)

မေး၁၀။ အောက်ပါတို့ကို တိကျစွာ ဆုံးဖြတ်ပြခဲ့ပါ။

(က) ဘုရားရှင်သည် ပရိသတ်ထဲ၌ နိဗ္ဗာန်ကို အာရုံပြုကာ နေတော်မူလေ့ရှိသည်/နေတော်မူလေ့မရှိပါ။

(ခ) အရှင်သာရိပုတြာသည် (ရဟန်းတို့၏)အမေနှင့် တူသည်/အဖေနှင့် တူသည်။

ဖြေ။ (က) ဘုရားရှင်သည် ပရိသတ်ထဲ၌ နိဗ္ဗာန်ကို အာရုံပြုကာ နေတော်မူလေ့ရှိပါသည်။

(မ၊၃။၁၅၃။)(မ၊မြန်၊၃။၁၅၇။)(၅ မှတ်)

(ခ) အရှင်သာရိပုတြာသည် (ရဟန်းတို့၏)အမေနှင့် တူပါသည်။ (မ၊၃။ ၂၉၁။)(မ၊မြန်၊၃။ ၂၉၆။)(၅ မှတ်)

## ၁၃၇၉ – ခုနှစ်၊
## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ဂဏကမောဂ္ဂလ္လာနသုတ္တန်လာ ဘုရားရှင်နှင့် အတူမနေသော ပုဂ္ဂိုလ်များကို ပြဆိုရာ စကားရပ်ကို အကျဉ်းချုံး၍ ဖော်ပြခဲ့ပါ။

၂။ သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံပုံပြ စကားရပ်နှင့် သူယုတ်မာသည် သူယုတ်မာကို ဆည်းကပ်ခြင်း ရှိပုံပြ စကားရပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၃။ ငြင်းခုံခြင်း၏ အကြောင်း ၆ ပါးကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ သုနက္ခတ္တသုတ်လာ ကိလေသာတို့၏ မြွေဆိုးနှင့် တူပုံပြ စကားရပ်ကို ဥပမေယျနှင့်တကွ ဖော်ပြခဲ့ပါ။

၅။ ကာယဂတာသတိ မပွားများခြင်း၏ အပြစ်ကို ကျောက်တုံးကို စိုသောမြေပုံ၌ ပစ်ချပုံ ဥပမာဖြင့် ရှင်းလင်းပြခဲ့ပါ။

၆။ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၏ အပြစ်နှင့် မမွေ့လျော်ခြင်း၏ အကျိုးများကို မဟာသုညတသုတ်၌ ဟောတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

၇။ လူမိုက်တို့၏ အရှုံးကြီးမားပုံကို အလောင်းအစား ကြူးသူတို့၏ အရှုံးနှင့် နှိုင်းယှဉ်ဖော်ပြခဲ့ပါ။

၈။ အတိတ်ခန္ဓာသို့ အစဉ်လိုက်ပုံနှင့် အတိတ်ခန္ဓာသို့ အစဉ်မလိုက်ပုံတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

၉။ အောက်ပါတို့ကို အရဏဝိဘင်္ဂသုတ္တန်မှာ ဟောထားတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

(က) မမှီဝဲသင့်သော ချမ်းသာ၊ (ခ) မှီဝဲသင့်သော ချမ်းသာ။

၁၀။ အောက်ပါတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

(က) ပုက္ကုသာတိအမျိုးသား ကွယ်လွန်သောအခါ ဖြစ်ရာဘုံ၊

(ခ) အနာထပိဏ်သူဌေး ကွယ်လွန်သောအခါ ဖြစ်ရာဘုံ၊

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၁၄. ၆. ၂၀၁၇) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁-မေး။ ဂဏကမောဂ္ဂလ္လာနသုတ္တန်လာ ဘုရားရှင်နှင့် အတူ မနေသော ပုဂ္ဂိုလ်များကို ပြဆိုရာ စကားရပ်ကို အကျဉ်းချုံး၍ ဖော်ပြခဲ့ပါ။

ဖြေ။ ဤသို့ မိန့်တော်မူသော် ဂဏကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤ စကားကို လျှောက်ထား၏ "အသျှင်ဂေါတမ အကြင်ပုဂ္ဂိုလ်တို့သည် ယုံကြည်ခြင်း 'သဒ္ဓါတရား' မရှိကုန်ဘဲ အသက်မွေးမှု အတွက်သာ ရဟန်းပြုသူများဖြစ်ကုန်၏၊ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသူများ မဟုတ်ကြကုန်၊ စဉ်းလဲတတ်သူများ ဖြစ်ကြကုန်၏၊ လှည့်ပတ်တတ်သူများ ဖြစ်ကြကုန်၏၊ လိမ်လည် ကောက်ကျစ်တတ်သူများ ဖြစ်ကြကုန်၏၊ ပျံ့လွင့်သူများ ဖြစ်ကြကုန်၏၊ မာန်ထောင်သူများ ဖြစ်ကြကုန်၏၊ လျှပ်ပေါ်လော်လည်သူများ ဖြစ်ကြကုန်၏၊ နှုတ်ထွက်ကြမ်းသူများ ဖြစ်ကြကုန်၏၊ ပရမ်းပတာပြောဆိုသူများ ဖြစ်ကြကုန်၏၊ ဣန္ဒြေတံခါး ပိတ်ဆို့မထားသူများ ဖြစ်ကြကုန်၏၊ အစားအစာ၌ အတိုင်းအရှည်ကို မသိသူများ ဖြစ်ကြကုန်၏၊ နိုးကြားမှု၌ အားမစိုက်သူများ ဖြစ်ကြကုန်၏၊ ရဟန်း တရား၌ မငဲ့ကွက်သူများ ဖြစ်ကြကုန်၏၊ သိက္ခာပုဒ်၌ ပြင်းထန်စွာ လေးစားမှုမရှိသူများ ဖြစ်ကြကုန်၏၊ လာဘ်များရန်သာ ကျင့်သူများ ဖြစ်ကြကုန်၏၊ (အဆုံးအမသာသနာတော်ကို) လျော့လျော့ပေါ့ပေါ့ နာယူသူ များ ဖြစ်ကြကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားပြုသူများ ဖြစ်ကြကုန်၏၊ နိဗ္ဗာန် (ဥပဓိဝိဝေက) ၌ တာဝန်မဲ့သူများ ဖြစ်ကြကုန်၏၊ ပျင်းရိသူများ ဖြစ်ကြကုန်၏၊ လုံ့လနည်းသူများ ဖြစ်ကြကုန်၏၊ သတိ ကင်းသူများ ဖြစ်ကြကုန်၏၊ ဆင်ခြင်ဉာဏ်မရှိသူများ ဖြစ်ကြကုန်၏၊ မတည်ကြည်သူများ ဖြစ်ကြကုန်၏၊ စိတ်လေသူများ ဖြစ်ကြကုန်၏၊ ပညာမဲ့သူများ ဖြစ်ကြကုန်၏၊ ထိုင်းအသူများ ဖြစ်ကြကုန်၏၊ အသျှင် ဂေါတမသည် ထိုပုဂ္ဂိုလ်မျိုးတို့နှင့် အတူတကွ မနေ။

(စာပိုဒ်၊၇၈။ မ၊မြန်၊၃။၆၀။)(၁၀ မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၂-မေး။ သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံပုံပြ စကားရပ်နှင့် သူယုတ်မာသည် သူယုတ်မာကို ဆည်းကပ်ခြင်း ရှိပုံပြ စကားရပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤ လောက၌ သူယုတ်မာသည် ယုံကြည်မှု သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ အကြောက်မရှိ၊ အကြားအမြင်နည်း၏၊ ပျင်းရိ၏၊ သတိမေ့၏၊ ပညာကင်း၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံ၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာ၌ ဆည်းကပ်ခြင်း ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ ယုံကြည်ခြင်း သဒ္ဓါတရားမရှိကုန် အရှက်မရှိကုန် အလန့်မရှိကုန် အကြားအမြင်နည်းကုန် ပျင်းရိကုန် သတိမေ့ကုန် ပညာကင်းကုန်သော သမဏဗြာဟ္မဏတို့သည် သူယုတ်မာ၏ မိတ်ဆွေဖြစ်ကုန်၏၊ အပေါင်းအဖော် ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာ၌ ဆည်းကပ်ခြင်း ရှိ၏။ (၂)

(စာပိုဒ်၊၉၁။ မ၊မြန်၊၃။၇၅။)(၅+၅=၁၀ မှတ်)

၃-မေး။ ငြင်ခုံခြင်း၏ အကြောင်း ၆ ပါးကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ အာနန္ဒာ ငြင်းခုံမှု၏ အကြောင်းတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ အာနန္ဒာ ဤသာသနာတော်၌ အကြင်ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏။ ထိုရဟန်း သည် ဘုရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ နေ၏၊ တရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ နေ၏၊ သံဃာ၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ နေ၏၊ %၃၄သိက္ခာသုံးပါး၌လည်း ပြည့်စုံစွာ ကျင့်လေ့မရှိ အာနန္ဒာ ဘုရား၌ ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ, တရား၌ ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ, သံဃာ၌ ရိုသေခြင်း နှိမ့်ချခြင်း မရှိဘဲ, သိက္ခာသုံးပါး၌ ပြည့်စုံစွာကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံမှုကို ဖြစ်စေတတ်၏။

(စာပိုဒ်၊၄၄။ မ၊မြန်၊၃။၃၅။)(၁၀ မှတ်)

၄-မေး။ သုနက္ခတ္တသုတ်လာ ကိလေသာတို့၏ မြွေဆိုးနှင့် တူပုံပြ စကားရပ်ကို ဥပမေယျနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ သုနက္ခတ္တ ဥပမာအားဖြင့် လျင်သော ကြမ်းသော အဆိပ်ရှိသော မြွေသည် ရှိရာ၏၊ အသက်ရှင် လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏။ သုနက္ခတ္တ ထိုငါဆို မည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း-"ဤမြွေသည် ငါ့ကို ကိုက်သော် သေခြင်း သို့သော်လည်းကောင်း၊ သေလုနီးပါးဖြစ်သော ဆင်းရဲသို့သော်လည်းကောင်း ရောက်ရာ၏"ဟု သိငြားအံ့၊ ထိုယောကျ်ားသည် ကြမ်းသော အဆိပ်ရှိသော မြွေအား လက်ဖြင့်သော်လည်းကောင်း၊ ခြေမဖြင့်သော်လည်းကောင်း တို့ဝံ့ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတို့ဝံ့ရာပါဟု (လျှောက်၏)။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် စင်စစ် ထိုရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်းတည်း"ဟု ဤသို့ သိ၍ ကိလေသာဟူသော ဥပဓိမှ ကင်း၏၊ ကိလေသာဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ လွတ်လွတ် ဝင်၏၊ ကာမဂုဏ်ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ်သော စိတ်[illegible]ည်း ဖြစ်စေလတ္တံ့ဟူသော ဤအကြောင်းသည် မရှိဟု (မိန့်တော်မူ၏)။ (စာပိုဒ်၊၆၅။ မ၊မြန်၊၃။၅၀။)([illegible]တ်)

၅-မေး။ ကာယဂတာသတိ မပွားများခြင်း၏ အပြစ်ကို ကျောက်တုံးကို စိုသော မြေပုံ၌ ပစ်ချပုံ ဥပမာဖြင့် ရှင်းလင်းပြခဲ့ပါ။

ဖြေ။ ၁၃၈ရဟန်းတို့ အမှတ်မရှိ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ခွင့်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဆွဲကိုင်ရာကို ရ၏။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် လေးစွာသော ကျောက်တုံးကို စိုသော ရွှံ့မြေပုံ၌ ပစ်ချရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုလေးစွာသော ကျောက်တုံးသည် စိုသော ရွှံ့မြေပုံ၌ ဝင်ခွင့်ကို ရနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဝင်ခွင့်ရနိုင်ပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို ရ၏။ (စာပိုဒ်၊၁၅၆။ မ၊မြန်၊၃။၁၄၀။)(၁၀ မှတ်)

၆-မေး။ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၏ အပြစ်နှင့် မမွေ့လျော်ခြင်း၏ အကျိုးများကို မဟာသုညတသုတ်၌ ဟောတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ အာနန္ဒာ ရဟန်းမည်သည် အပေါင်းအသင်း၌ မွေ့လျော်ခြင်း အပေါင်းအသင်း၌ ပျော်ပိုက်ခြင်း အပေါင်းအသင်း၌ မွေ့လျော်ခြင်းကို အားထုတ်ခြင်း အဖွဲ့အစည်း၌ မွေ့လျော်ခြင်း အဖွဲ့အစည်း၌ ပျော်ပိုက် ခြင်း အဖွဲ့အစည်း၌ ဝမ်းမြောက်ခြင်းသည် မတင့်တယ်။ အာနန္ဒာ စင်စစ် အပေါင်းအသင်း၌ မွေ့လျော် အပေါင်းအသင်း၌ ပျော်ပိုက် အပေါင်းအသင်း၌ မွေ့လျော်ခြင်းကို အားထုတ်သော အဖွဲ့အစည်း၌မွေ့လျော် အဖွဲ့အစည်း၌ ပျော်ပိုက် အဖွဲ့အစည်း၌ ဝမ်းမြောက်သော ထိုရဟန်းသည် ကာမတို့မှ ထွက်မြောက်ခြင်း ချမ်းသာ ကိလေသာမှ ကင်းဆိတ်ခြင်းချမ်းသာ ( ရာဂစသည်တို့၏ ) ငြိမ်းအေးခြင်းချမ်းသာ မဂ်ကို သိခြင်း ကို ဆောင်နိုင်သောချမ်းသာ စိတ်တည် ကြည်ခြင်းချမ်းသာ (ဤသို့) ချမ်းသာအပေါင်းကို အလိုရှိတိုင်း ရသည် မငြိုမငြင်ရသည် မပင်မပန်းရသည် ဖြစ်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ အာနန္ဒာ အကြင် ရဟန်းသည် တစ်ပါးတည်း ဂိုဏ်းမှ ခွဲခွါလျက် နေ၏၊ ထိုရဟန်းအား ဤ ဆိုလတ္တံ့သော အကျိုးကို အလိုရှိအပ်၏၊ ကာမတို့မှ ထွက်မြောက်ခြင်းချမ်းသာ ကိလေသာမှ ကင်းဆိတ်ခြင်းချမ်းသာ (ရာဂစသည် တို့၏) ငြိမ်းအေးခြင်းချမ်းသာ မဂ်ကို သိခြင်းကို ဆောင်နိုင်သော ချမ်းသာ (ဤသို့) ချမ်းသာအပေါင်းကို အလိုရှိတိုင်းရသည် မငြိုမငြင်ရသည် မပင်မပန်းရသည် ဖြစ်လတ္တံ့ ဟူသော ဤအကြောင်းသည် ရှိ၏။

အာနန္ဒာ စင်စစ် အပေါင်းအသင်း၌ မွေ့လျော်သော အပေါင်းအသင်း၌ ပျော်ပိုက်သော အပေါင်းအသင်း၌ မွေ့လျော်မှုကို အားထုတ်သော အဖွဲ့အစည်း၌ မွေ့လျော်သော အဖွဲ့အစည်း၌ပျော်ပိုက်သော အဖွဲ့အစည်း၌ ဝမ်းမြောက်သော ထိုရဟန်းသည် ဝင်စားဆဲခဏမှာသာ ကိလေသာမှလွတ်သော နှစ်သက်ဖွယ်ဖြစ်သော (ရူပ အရူပစျာန်ဟူသော) စေတောဝိမုတ္တိကိုလည်း ဖြစ်စေ၍ နေလတ္တံ့၊ ကိလေသာတို့သည် မဖျက်ဆီးနိုင်သော အခါခပ်သိမ်း စင်စစ် ကိလေသာတို့မှ လွတ်သော လောကုတ္တရာ စေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိ။ အာနန္ဒာ အကြင်ရဟန်းသည့်တစ်ပါးတည်း ဂိုဏ်းမှ ခွဲခွါလျက်နေ၏။ ထိုရဟန်းအား ဤအကျိုးကို အလိုရှိအပ်၏၊ ဝင်စားဆဲခဏမှာသာ ကိလေသာတို့မှ လွတ်သော နှစ်သက်ဖွယ်ဖြစ်သော (ရူပ အရူပစျာန်ဟူသော) စေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့၊ ကိလေသာတို့သည် မဖျက်ဆီးနိုင်သော အခါခပ်သိမ်း စင်စစ် ကိလေသာတို့မှ လွတ်သော လောကုတ္တရာ စေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့ ဟူသော ဤအကြောင်းသည် ရှိ၏။

(စာပိုဒ်၊၁၈၆။ မ၊မြန်၊၃။၁၅၆။)(၁၀ မှတ်)

---

၇-မေး။ လူမိုက်တို့၏ အရှုံး ကြီးမားပုံကို အလောင်းအစားကျွေးသူတို့၏ အရှုံးနှင့် နိုင်းယှဉ် ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ဥပမာအားဖြင့် အလောင်းအစားကျွေးသူသည် ရှေးဦးစွာသော ရှုံးခြင်းဖြင့်ပင်လျှင် သား သမီးကိုလည်း ရှုံးရာ၏၊ မယားကိုလည်း ရှုံးရာ၏၊ အလုံးစုံသော ဥစ္စာနှစ်ကိုလည်း ရှုံးရာ၏၊ ထို့ထက်လည်း (မိမိအား) နှောင်ဖွဲ့ခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ထိုအလောင်းအစားကျွေးသူသည် ရှေးဦးစွာ သော ရှုံးခြင်းဖြင့်ပင်လျှင် သားသမီးကိုလည်း ရှုံးရာ၏၊ မယားကိုလည်း ရှုံးရာ၏၊ အလုံးစုံသော ဥစ္စာနှစ် ကိုလည်း ရှုံးရာ၏၊ ထို့ထက်လည်း မိမိအား နှောင်ဖွဲ့ခြင်းသို့ ရောက်ရာ၏။ ထိုရှုံး ခြင်းသည် မပြောပလောက် အနည်းငယ်သော ရှုံးခြင်းသာတည်း၊ စင်စစ်သော်ကား ထိုသူမိုက်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ဖရိုဖရဲကျရာ အပါယ်ငရဲ၌ ဖြစ်ရာ၏။ ဤရှုံးခြင်းသည်သာလျှင် ထိုကစား၍ ရှုံးခြင်းထက် သာ၍ကြီးသော အရှုံးတည်း။

(စာပိုဒ်၊၂၅၂။ မ၊မြန်၊၃။၂၁၂။)(၁၀ မှတ်)

••••••••••••••••••••••••••••••••••••••.

၈-မေး။ အတိတ်ခန္ဓာသို့ အစဉ်လိုက်ပုံနှင့် အတိတ်ခန္ဓာသို့ အစဉ်မလိုက်ပုံ-တို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ် ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ဖူးပြီ"ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ခံစားခြင်း 'ဝေဒနာ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ် ကောင်းသော မှတ်သားမှု 'သညာ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ် ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထို သင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။

%၂၂၆ရဟန်းတို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ခံစားမှု 'ဝေဒနာ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော မှတ်သားမှု 'သညာ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုသင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်' ရှိသူ ဖြစ်ခဲ့ဖူး၏"ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ ရဟန်းတို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။

(စာပိုဒ်၊ ၂၇၃။ မ၊မြန်၊၃။ ၂၂၉။)(၁၀ မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၉-မေး။ အောက်ပါတို့ကို အရဏဝိဘင်္ဂသုတ္တန်မှာ ဟောထားတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

(က) မမှီဝဲသင့်သော ချမ်းသာ၊ (ခ) မှီဝဲသင့်သော ချမ်းသာ။

ဖြေ။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ-လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ (ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ် ဖြင့် သိရသော အဆင်း။ သောတဝိညာဏ်ဖြင့် သိရသော အသံ။ ဃာနဝိညာဏ်ဖြင့် သိရသော အနံ့။ ဇိဝှါဝိညာဏ်ဖြင့် သိရသော အရသာ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ (ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ် ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့တည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ဖြစ်သော ဤချမ်းသာခြင်း 'သုခ' ဝမ်းမြောက်ခြင်း 'သောမနဿ'ကို ကာမဂုဏ်ချမ်းသာဟူ၍လည်းကောင်း၊ ဘင် 'မစင်' နှင့်တူသော ချမ်းသာဟူ၍လည်းကောင်း၊ ပုထုဇဉ်တို့၏ ချမ်းသာဟူ၍လည်းကောင်း၊ အရိယာမဟုတ် သူတို့၏ ချမ်းသာဟူ၍လည်းကောင်း ဆိုရ၏၊ "ထိုချမ်းသာကို မမှီဝဲရ၊ မပွါးစေရ၊ ကြိမ်ဖန်များစွာ မလေ့လာရ၊ ထိုချမ်းသာကို ကြောက်ရမည်"ဟု ငါဘုရားဟော၏။

% ၂၇၆ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင် စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော ပဌမစျာန် သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့်လျစ်လျူရှုလျက် နေ၏။ ပ။ တတိယစျာန်သို့လည်းကောင်း။ပ။ စတုတ္ထစျာန်သို့လည်းကောင်း ရောက်၍ နေ၏။ ဤချမ်းသာခြင်း 'သုခ'ကို ကာမမှ ထွက်မြောက်ခြင်း 'နေက္ခမ္မ' ချမ်းသာဟူ၍လည်းကောင်း၊ ကင်းဆိတ်ခြင်း 'ပဝိဝေက' ချမ်းသာဟူ၍လည်းကောင်း၊ ငြိမ်းအေးခြင်း 'ဥပသမ' ချမ်းသာဟူ၍လည်း ကောင်း၊ ကောင်းစွာသိခြင်း 'သမ္ဗောဓိ' ချမ်းသာဟူ၍လည်းကောင်း ဆိုရ၏၊ "ထိုချမ်းသာကို မှီဝဲရမည်၊ ပွါးစေရ မည်၊ ကြိမ်ဖန်များစွာ လေ့လာရမည်၊ ထိုချမ်းသာမျိုးကို မကြောက်ရ"ဟု ငါဆို၏။ (စာပိုဒ်၊၃၂၈။ မ၊မြန်၊၃။၂၈၀။)(၁၀ မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁၀-မေး။ အောက်ပါတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

(က) ပုက္ကုသာတီအမျိုးသား ကွယ်လွန်သောအခါ ဖြစ်ရာဘုံ၊

(ခ) အနာထပိဏ်သူဌေး ကွယ်လွန်သောအခါ ဖြစ်ရာဘုံ၊

ဖြေ။ (က) ပုက္ကုသာတီအမျိုးသား ကွယ်လွန်သောအခါ ဖြစ်ရာဘုံ အဝိဟာ ဘုံ။

(ခ) အနာထပိဏ်သူဌေး ကွယ်လွန်သောအခါ ဖြစ်ရာဘုံ တုသိတာ ဘုံ။ (၅+၅=၁၀ မှတ်)

## ၁၃၈၀ – ပြည့်နှစ်၊
## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁။ အရှင်ပုဏ္ဏအား ဘုရားရှင် ဟောတော်မူအပ်သော တရားအကျဉ်းကို ရေးသားဖော်ပြခဲ့ပါ။

၂။ ဆသဆက္ကသုတ်လာ ပဌမဆက္ကတို့ကိုသာ အနှစ်ချုပ်၍ ဖော်ပြခဲ့ပါ။

၃။ အကျိုးရှိသော အားထုတ်ခြင်းကို မိန်းမတစ်ယောက်ကို ပြင်းစွာ ကြိုက်နှစ်သက်သော ယောကျ်ား ဥပမာဖြင့် ဖော်ပြခဲ့ပါ။

၄။ (က) ကိလေသာတို့သည် စိမ်ရေနှင့် တူကြပုံပြစကားရပ်၊

(ခ) မြွေဆိုးနှင့်တူကြပုံပြ စကားရပ်များကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၅။ သောတာပန်နှင့် ပုထုဇဉ်တို့၏ ကွာခြားချက်ကို ဗဟုဓာတုကသုတ်၌ ဟောတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

၆။ တပည့်တို့က ဆရာကို မုန်းတီးစွာ ကျင့်ကြပုံနှင့် ချစ်ခင်စွာ ကျင့်ကြပုံတို့ကို ဘုရားရှင်က အရှင်အာနန္ဒာအား ဟောပြတော်မူသည့်အတိုင်း ပြည့်စုံစွာဖော်ပြခဲ့ပါ။

၇။ ကာမဂုဏ်နှင့် စပ်ယှဉ်သော ဒေါမနဿ (၆)ပါးနှင့်၊ ဝိပဿနာနှင့် စပ်ယှဉ်သော ဒေါမနဿ (၆) ပါးတို့ကို ဖော်ပြပါ။

၈။ သမဏ ဗြာဟ္မဏတို့ကို အရိုအသေ ပြုသင့်ခြင်း၏ အကြောင်းတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၉။ အောက်ပါသုတ်တို့ကို သုတ်အမည်မျှ ဖော်ပြခဲ့ပါ။

(က) အရှင်သာရိပုတြာအကြောင်းကို ဘုရားရှင် ဟောပြတော်မူသော သုတ်၊

(ခ) ရဟန္တာ ဖြစ်၊ မဖြစ် စိစစ်နည်းကိုပြသော သုတ်

(ဂ) သူတော်ကောင်းတို့၏ တရားနှင့် သူယုတ်မာတို့၏ တရားကို ခွဲခြားပြသော သုတ်၊

(ဃ) လိုတရကြောင်းတရားများကို ပြသောသုတ်၊

(င) ဘုရားရှင်၏ အံ့ဖွယ်ကို ရဟန်းများကို ပြသောသုတ်။

၁၀။ အောက်ပါသုတ်တို့ကိုလည်း သုတ်အမည်မျှသာ ဖော်ပြခဲ့ပါ။

(က) ပုက္ကုသာတိ အမျိုးကောင်းသားတို့ အကြောင်းပြု၍ ဟောကြားတော်မူသော သုတ်၊

(ခ) မဟာပဇာပတိဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူသော သုတ်။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

---

# ၁၃၈၀ – ပြည့်နှစ်၊
# ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် အဖြေ

၁။ ပုဏ္ဏ လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ် သဘောရှိ၍ ကာမ ရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဖွယ် ဖြစ်ကုန်သော၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းရူပါရုံတို့သည် ရှိကုန်၏။ ရဟန်းသည် ထိုရူပါရုံကို နှစ်သက်အံ့၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍တည်အံ့။ ထိုရူပါရုံကို နှစ်သက် တမ်းတစွဲမက်၍ တည်သော ထိုရဟန်းအား တပ်မက်မှုသည် ဖြစ်၏။ ပုဏ္ဏ တပ်မက်မှုဖြစ်ခြင်းကြောင့် ဆင်းရဲမှုဖြစ်၏ဟု ငါ ဟော၏။

ပုဏ္ဏ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည် ရှိကုန်၏။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည်၊ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့သည်၊ ကာယ ဝိညာဏ် ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည် လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်စဖွယ် သဘောရှိ၍ ကာမ (ရာဂ) နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ကုန်ဖြစ်သော၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် ရှိကုန်၏။ ရဟန်းသည် ထိုဓမ္မာရုံကို နှစ်သက်အံ့၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍ တည်အံ့။ ထိုဓမ္မာရုံကို နှစ်သက်တမ်းတ စွဲမက်၍တည်သော ထိုရဟန်းအား တပ်မက်မှုသည် ဖြစ်၏။ ပုဏ္ဏ တပ်မက်မှုဖြစ်ခြင်းကြောင့် ဆင်းရဲမှုဖြစ်၏ဟု ငါ ဟော၏။

ပုဏ္ဏ လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ်သဘောရှိသော ရှိ၍ ကာမ(ရာဂ) နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်ကုန်သော၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့သည် ရှိကုန်၏။ ရဟန်းသည် ထိုရူပါရုံကို မနှစ်သက်အံ့၊ မတမ်းတအံ့၊ မစွဲမက်မူ၍ တည်အံ့။ ထိုရူပါရုံကို မနှစ်သက် မတမ်းတ မစွဲမက်မူ၍ တည်သော ထိုရဟန်းအား တပ်မက်မှုသည် ချုပ်၏။ ပုဏ္ဏ တပ်မက်မှုချုပ်ခြင်း ကြောင့် ဆင်းရဲမှုချုပ်၏ဟု ငါ ဟော၏။

ပုဏ္ဏ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည် ရှိကုန်၏။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည်၊ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့သည်၊ ကာယ ဝိညာဏ် ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည် လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်စဖွယ် သဘော ရှိ၍ ကာမ(ရာဂ) နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ကုန်ဖြစ်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် ရှိကုန်၏။ ရဟန်းသည် ထိုဓမ္မာရုံကို အကယ်၍ မနှစ်သက်အံ့၊ မတမ်းတအံ့၊ မစွဲမက်မူ၍ တည်အံ့။ ထိုဓမ္မာရုံကို မနှစ်သက် မတမ်းတ မစွဲမက်မူ၍ တည်သော ထိုရဟန်းအား တပ်မက်မှု ချုပ်၏။ ပုဏ္ဏ တပ်မက်မှုချုပ်ခြင်းကြောင့် ဆင်းရဲမှုချုပ်၏ဟု ငါဟော၏။

(မ။၃။ စာပိုဒ်၊ ၃၉၅။)(မ၊မြန်၊၃။၃၁၅။) (မ၊၃။၃၁၁။) (၁၀မှတ်)

မေး ၂။ ဆဆက္ကသုတ်လာ ပဉ္စမဆက္ကနှင့် ဆဋ္ဌဆက္ကတို့ကိုသာ အနှစ်ချုပ်၍ ဖော်ပြခဲ့ပါ။

ဖြေ ၂။ "ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်" ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ သောတဒွါရနှင့် သဒ္ဒါရုံကို စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ဃာနဒွါရနှင့် ဂန္ဓာရုံကို စွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ဇိဝှါဒွါရနှင့် ရသာရုံကို စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏။ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ "ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား ပဉ္စမဆက္ကတည်း။ (၅)

"ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်" ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿ သည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာသည် ဖြစ်၏။ သောတဒွါရနှင့် သဒ္ဒါရုံကို စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏။ပ။ ဃာနဒွါရနှင့် ဂန္ဓာရုံကို စွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏။ပ။ ဇိဝှါဒွါရနှင့် ရသာရုံကို စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏ ။ပ။ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏။ပ။ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာသည် ဖြစ်၏။ "ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်" ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား ဆဋ္ဌဆက္ကတည်း။ (၆)

(စာပိုဒ်၊၄၂၁။)(၅+၅=၁၀ မှတ်)

မေး ၃။ အကျိုးရှိသော အားထုတ်ခြင်းကို မိန်းမတစ်ယောက်ကို ပြင်းစွာ ကြိုက်နှစ်သက်သော ယောကျ်ားဥပမာဖြင့် ဖော်ပြခဲ့ပါ။

မေး ၃။ ရဟန်းတို့... ဥပမာအားဖြင့် ယောကျ်ားသည် မိန်းမ၌ ပြင်းစွာ ကြိုက်နှစ်သက်၏၊ စွဲလမ်းသော စိတ်ရှိ၏၊ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏၊ ထိုယောကျ်ားသည် ထိုမိန်းမကို တစ်ခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုမိန်းမကို တစ်ခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရ၍ ထိုယောကျ်ားအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးတော်မူ၏)။ ဖြစ်ကုန်ရာပါသည် အသျှင်ဘုရား။ အဘယ့်ကြောင့်နည်းဟူမူ - အသျှင်ဘုရား ဤယောကျ်ားသည် ဤမိန်းမ၌ ပြင်းစွာ ကြိုက်နှစ်သက်၏၊ စွဲလမ်းသော စိတ်ရှိ၏၊ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏၊ ထို့ကြောင့် ထိုမိန်းမကို တခြားယောကျ်ားနှင့် အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်း ကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရ၍ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထို့နောက် ထိုယောကျ်ားအား ဤသို့ အကြံဖြစ်၏ "ငါသည် ဤမိန်းမ၌ ပြင်းစွာ ကြိုက်နှစ်သက်၏၊ စွဲလမ်းသော စိတ်ရှိ၏၊ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏၊ ဤ မိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရ၍ ငါ့အား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။ ငါသည် ဤမိန်းမ၌ လိုချင် တပ်မက်မှုကို ပယ်ရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။ ထိုယောကျ်ားသည် ဤမိန်းမ၌ လိုချင်တပ်မက်မှုကို ပယ်ရာ၏။ ထိုယောကျ်ားသည် နောက်အခါ၌ ထိုမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည် ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရာ၏။

ရဟန်းတို့... ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရ၍ ထိုယောကျ်ားအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ကုန်ရာပါ။

အဘယ့်ကြောင့်နည်းဟူမူ - အသျှင်ဘုရား ဤယောက်ျားသည် ဤမိန်းမ၌ တပ်မက်မှုကင်း၏၊ ထို့ကြောင့် ထိုမိန်းမကို တခြားယောက်ျားနှင့်အတူ ရပ်နေသည်ကိုလည်းကောင်း၊ စကားပြောနေသည်ကိုလည်းကောင်း၊ ရယ်မောနေသည်ကိုလည်းကောင်း၊ ပြုံးနေသည်ကိုလည်းကောင်း မြင်ရ၍ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် မဖြစ်ကုန်ရာပါဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် ဆင်းရဲအနှိပ်စက်မခံရသော အတ္တဘောကို ဆင်းရဲမနှိပ်စက်စေ၊ တရားနှင့်လျော်သော ချမ်းသာကိုလည်း မစွန့်၊ ထိုချမ်းသာ၌လည်း မမက်မော။ ထို ရဟန်းသည် "လွန်ကဲသော ဝီရိယကို အားထုတ်သော ငါ့အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်း ကြောင့် ဤဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏ဟူ၍သော်လည်းကောင်း လျစ်လျူရှုသောငါ့ အား လျစ်လျူရှုမှုကို ပွါးများခြင်းကြောင့် ဤဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏" ဟူ၍ သော်လည်းကောင်း သိပြားအံ့၊ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် အကြင်ဒုက္ခ၏ အကြောင်း တဏှာ၏ကင်းခြင်းသည် ဖြစ်၏၊ ထိုဒုက္ခ၏ အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လွန်ကဲသော ဝီရိယကို အားထုတ်၏။ လျစ်လျူရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူရှုမှုကို ပွါးခြင်းကြောင့် အကြင်ဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ထိုဒုက္ခ၏အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လျစ်လျူရှုမှုကို ပွါး၏။ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ် အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် ထိုဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခသည် ကျေပျက်၏။ လျစ်လျူ ရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူ ရှုမှုကို ပွါးခြင်းကြောင့် ထိုဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခသည် ကျေပျက်၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း, အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။ (တပိုဒ်၊၁၁။) (မ၊မြန်၊၃။၁၀။) (မ၊၃။၉။) (၁၀ မှတ်)

မေး ၄။ (က) ကိလေသာတို့သည် စိမ်ရေနှင့် တူကြပုံပြစကားရပ်၊
(ခ) မြွေဆိုးနှင့် တူကြပုံပြ စကားရပ်များကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ ၄။ သုနက္ခတ္တ... ဥပမာအားဖြင့် အဆင်းနှင့် ပြည့်စုံသော အနံ့နှင့် ပြည့်စုံသော အရသာနှင့် ပြည့်စုံသော စိမ်ရေခွက်သည် ရှိရာ၏၊ ထိုခွက်ကိုလည်း အဆိပ်နှင့် ရောထား၏။ ထို့နောက် အသက်ရှင်လိုသော မသေ လိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏။ သုနက္ခတ္တ ထိုငါဆို မည့်အရာကို အဘယ်သို့ မှတ်ထင်သနည်း-"ငါသည် ဤစိမ်ရေခွက်ကို သောက်သည်ရှိသော် သေခြင်းသို့သော်လည်းကောင်း၊ သေလုနီးပါးဖြစ်သော ဆင်းရဲသို့သော် လည်းကောင်း ရောက်ရာ၏"ဟု သိပြားအံ့၊ ထိုယောကျ်ားသည် ထိုစိမ်ရေခွက်ကို သောက်ရာအံ့လော-ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသောက်ရာပါဟု (လျှောက်၏)။

သုနက္ခတ္တ... ဤဥပမာအတူသာလျှင် စင်စစ် ထိုရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်းတည်း"ဟု ဤသို့ သိ၍ ကိလေသာ ဟူသော ဥပဓိမှ ကင်း၏၊ ကိလေသာဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ လွတ်လွတ် ဝင်၏၊ ကာမဂုဏ်-ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ်သော စိတ်ကိုလည်း ဖြစ်စေလတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။

သုနက္ခတ္တ ဥပမာအားဖြင့် လျင်သော ကြမ်းသော အဆိပ်ရှိသော မြွေသည် ရှိရာ၏၊ အသက်ရှင် လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏။ သုနက္ခတ္တ ထိုငါဆို မည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း-"ဤမြွေသည် ငါ့ကို ကိုက်သော် သေခြင်းသို့သော်လည်းကောင်း၊ သေလုနီးပါးဖြစ်သော ဆင်းရဲသို့သော်လည်းကောင်း ရောက်ရာ၏"ဟု သိပြားအံ့၊ ထိုယောကျ်ားသည် ကြမ်းသော အဆိပ်ရှိသော မြွေအား လက်ဖြင့်သော်လည်းကောင်း၊ ခြေမဖြင့်သော်လည်းကောင်း တို့ဝံ့ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတို့ဝံ့ရာပါဟု (လျှောက်၏)။

သုနက္ခတ္တ... ဤဥပမာအတူသာလျှင် စင်စစ် ထိုရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်းတည်း"ဟု ဤသို့ သိ၍ ကိလေသာဟူသော ဥပဓိမှ ကင်း၏၊ ကိလေသာဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ လွတ်လွတ် ဝင်၏၊ ကာမဂုဏ်ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ်သော စိတ်ကိုလည်း ဖြစ်စေလတ္တံ့ဟူသော ဤအကြောင်းသည် မရှိဟု (မိန့်တော်မူ၏)။ (စာပိုဒ်၊၆၅။)(မ၊မြန်၊၃။၅၀။)(မ၊၃။၄၇။),(စာပိုဒ်၊၆၅။)(မ၊မြန်၊၃။၅၀။)(မ၊၃။၄၈။),(၅+၅=၁၀ မှတ်)

မေး ၅။ သောတာပန်နှင့် ပုထုဇဉ်တို့၏ ကွာခြားချက်ကို ဗဟုဓာတုကသုတ်၌ ဟောတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ ၅။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအရာမျိုးသည် မရှိ၊ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော သင်္ခါရတရားကို နိစ္စဟု-ယူရာသော အကြောင်းအရာမျိုးကား ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော သင်္ခါရတရားကို သုခ-ဟုယူရာသော အကြောင်းအရာမျိုးသည် မရှိ၊ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော သင်္ခါရတရားကို သုခ-ဟု ယူရာသော အကြောင်းအရာမျိုးကား ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရတရားကို အတ္တ-ဟု ယူရာသော အကြောင်းအရာမျိုးသည် မရှိ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော သင်္ခါရတရားကို အတ္တ-ဟု ယူရာသော အကြောင်းအရာမျိုးကား ရှိ၏။

သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အမိကို သတ်ရာသော အကြောင်းအရာမျိုးသည် မရှိ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား အမိကို သတ်ရာသော အကြောင်းအရာမျိုးကား ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အဖကို သတ်ရာသော အကြောင်းအရာမျိုးသည် မရှိ. ။ပ။ ရဟန္တာကို သတ်ရာသော အကြောင်းအရာမျိုးသည် ။ပ။ ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မြတ်စွာဘုရားကို ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေရာသော အကြောင်းအရာမျိုးသည် မရှိ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား မြတ်စွာဘုရားကို ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေရာသော အကြောင်းအရာမျိုးကား ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သံဃာကို သင်းကွဲစေရာသော အကြောင်းအရာမျိုးသည် မရှိ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား သံဃာကို သင်းကွဲစေရာသော အကြောင်းအရာမျိုးကား ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ( မြတ်စွာဘုရားမှ) တစ်ပါးသော သူကို ဆရာဟု ညွှန်းရာသော အကြောင်းအရာမျိုးသည် မရှိ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား မြတ်စွာဘုရားမှ တစ်ပါးသောသူကို ဆရာဟု ညွှန်းရာသော အကြောင်းအရာမျိုးကား ရှိ၏။

(စာပိုဒ်၊၁၂၇၊၁၂၈။) (မ၊မြန်၊၃။၁၁၃။) (မ၊၃။၁၁၀။) (၁၀ မှတ်)

မေး ၆။ တပည့်တို့က ဆရာကို မုန်းတီးစွာ ကျင့်ကြပုံနှင့် ချစ်ခင်စွာ ကျင့်ကြပုံတို့ကို ဘုရားရှင်က အရှင်အာနန္ဒာအား ဟောပြတော်မူသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ ၆။ တပည့်တို့က ဆရာကို မုန်းတီးစွာ ကျင့်ကြပုံ

အာနန္ဒာ... ဤသာသနာတော်၌ ဆရာသည် "ဤ အကျင့်သည် သင်တို့အား အကျိုးစီးပွါးအလို့ငှါ ဖြစ်၏၊ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်း အလို့ငှါဖြစ်၏"ဟု တပည့်တို့အား အစဉ်သနားသည်, အကျိုးစီးပွါးကို ရှာမှီးသည် ဖြစ်၍ အစဉ်သနားခြင်းကို အစွဲပြု၍ တရားဟော၏။ ထိုဆရာ၏ တပည့်တို့သည် ကောင်းစွာ မနာကြားကုန်၊ နားမထောင်ကုန်၊ သိခြင်းငှါ စိတ်ကို မထားကုန်၊ ဆရာ၏ အဆုံးအမကို လွန်ကျူး၍ ကျင့်ကုန်၏။ အာနန္ဒာ ဤသို့လျှင် တပည့်တို့သည် ဆရာကို မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်၏၊ ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်။

တပည့်တို့က ဆရာကို ချစ်ခင်စွာ ကျင့်ကြပုံ

အာနန္ဒာ အဘယ်သို့လျှင် တပည့်တို့သည် ဆရာကို ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်သနည်း၊ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်သနည်း။ အာနန္ဒာ ဆရာသည် "ဤအကျင့်သည် သင်တို့အား အကျိုးစီးပွါးအလို့ငှါ ဖြစ်၏၊ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်းအလို့ငှါ ဖြစ်၏"ဟု တပည့် တို့အား အစဉ်သနားသည်, အကျိုးစီးပွါးကို ရှာမှီးသည် ဖြစ်၍ အစဉ်သနားခြင်းကို အစွဲပြု၍ တရား ဟော၏။ ထိုဆရာ၏ တပည့်တို့သည် ကောင်းစွာ နာကြားကုန်၏၊ နားထောင်ကုန်၏၊ သိခြင်းငှါ စိတ်ကို ထားကုန်၏၊ ဆရာ၏ အဆုံးအမကို လွန်ကျူး၍ မကျင့်ကုန်။ အာနန္ဒာ ဤသို့လျှင် ဆရာကို တပည့်တို့ သည် ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်၏၊ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်။

(စာပိုဒ်၊၁၉၆။)(မ၊မြန်၊၃။၁၆၄။)(၅+၅=မှတ်)

မေး ၇။ ကာမဂုဏ်နှင့် စပ်ယှဉ်သော ဒေါမနဿ (၆) ပါးနှင့်၊ ဝိပဿနာနှင့် စပ်ယှဉ်သော ဒေါမနဿ (၆) ပါးတို့ကို ဖော်ပြပါ။

**ဖြေ ၇။ ကာမဂုဏ်နှင့် စပ်ယှဉ်သော ဒေါမနဿ (၆) ပါး**

စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့ကို။ပ။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ကို။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ကို။ ဇိဝှါဝိညာဏ်ဖြင့် သိအပ် ကုန်သော ရသာရုံတို့ကို။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ကို။အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွားစေအပ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော တဏှာနှင့်ယှဉ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့ကို မရခြင်းကိုလည်း မရသောအားဖြင့် အဖန်ဖန်ရှုသော ပုဂ္ဂိုလ်အားလည်းကောင်း ရှေး၌လည်း ရှေးက မရဖူးသော လွန်လေပြီးသော ချုပ်လေပြီးသော ဖောက်ပြန်ပြီးသော ဓမ္မာရုံတို့ကို အဖန်ဖန် အောက်မေ့သော ပုဂ္ဂိုလ်အားလည်းကောင်း ဒေါမနဿသည် ဖြစ်၏။ ဤသို့ သဘောရှိ သော ဒေါမနဿကို ကာမဂုဏ်ကို မှီသော ဒေါမနဿဟူ၍ ဆိုရ၏။

**ဝိပဿနာနှင့် စပ်ယှဉ်သော ဒေါမနဿ (၆) ပါး**

ရူပါရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌လည်းကောင်း ယခုလည်းကောင်း အလုံးစုံသော ရူပါရုံတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏"ဟု ဤသို့ ထိုရူပါရုံကိုဟုတ်မှန်စွာ ကောင်းသော ပညာဖြင့် ရှုမြင်၍ အတုမရှိမြတ်သော အရဟတ္တဖိုလ်၌ "ယခုအခါ အရိယာပုဂ္ဂိုလ်တို့သည် အကြင်အရဟတ္တ ဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေကုန်၏၊ငါသည် အဘယ်အခါ၌ ထိုအရဟတ္တဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေရအံ့နည်း"ဟု တောင့်တခြင်းကို ဖြစ်စေ၏၊ ဤသို့ အတုမရှိမြတ်သော အရဟတ္တဖိုလ်၌ တောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား တောင့်တခြင်းဟူသောအကြောင်းကြောင့် ဒေါမနဿသည် ဖြစ်၏။ ဤသို့သဘောရှိသော ဒေါမနဿကို ထွက်မြောက်ကြောင်းကို မှီသော ဒေါမနဿဟု ဆိုရ၏။ သဒ္ဒါရုံတို့၏ သာလျှင်။ပ။ ဂန္ဓာရုံတို့၏သာလျှင်။ ရသာရုံတို့၏သာလျှင်။ ဖောဋ္ဌဗ္ဗာရုံ တို့၏သာလျှင်။ ဓမ္မာရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌လည်းကောင်း၊ ယခု လည်းကောင်း အလုံးစုံသော ဓမ္မာရုံတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏"ဟု ဤသို့ ထိုဓမ္မာရုံကိုဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုမြင်၍ အတုမရှိမြတ်သော အရဟတ္တဖိုလ်၌ "ယခုအခါ အရိယာပုဂ္ဂိုလ်တို့သည် အကြင်အရဟတ္တဖိုလ် ဟူသော အာယတနကို ပြည့်စုံစေ၍ နေကုန်၏၊ ငါသည် အဘယ်အခါ၌ ထိုအရဟတ္တဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေရအံ့နည်း"ဟု တောင့်တခြင်းကို ဖြစ်စေ၏၊ ဤသို့အတုမရှိမြတ်သော အရဟတ္တဖိုလ်၌ တောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား တောင့်တခြင်းဟူသောအကြောင်းကြောင့် ဒေါမနဿသည် ဖြစ်၏။ ဤသို့ သဘောရှိသော ဒေါမနဿကို ထွက်မြောက်ကြောင်းကို မှီသော ဒေါမနဿဟု ဆိုရ၏။

(မ၊ဋ္ဌ၊၄၊၁၈၆။)(တပိုဒ်၊၃၀၇။)(မ၊မြန်၊၃။၂၆၃။)(မ၊၃။၂၆၀။),(တပိုဒ်၊၃၀၇။)(မ၊မြန်၊၃။၂၆၃။)(မ၊၃။၂၆၁။),(၅+၅=၁၀ မှတ်)

မေး ၈။ သမဏဗြာဟ္မဏတို့ကို အရှိအသေ ပြုသင့်ခြင်း၏ အကြောင်းတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ ၈။ သူကြွယ်တို့… သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့သည် သင်တို့အား- "သူကြွယ်တို့ အဘယ်သို့ဖြစ်ကုန်သော သမဏဗြာဟ္မဏတို့ကို အရှိအသေပြုအပ်ကုန်သနည်း၊ အလေးပြုအပ်ကုန်သနည်း၊ မြတ်နိုးအပ်ကုန်သနည်း၊ ပူဇော်အပ်ကုန်သနည်း"ဟု ဤသို့ မေးကုန်ငြားအံ့၊ သူကြွယ်တို့ သင်တို့သည် ဤသို့ မေးကုန်သော် သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကြားကုန်ရာ၏-"အကြင် သမဏဗြာဟ္မဏတို့သည် စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ ရာဂကင်းကုန်၏၊ ဒေါသကင်းကုန်၏၊ မောဟကင်းကုန်၏၊ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သော အကျင့်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျင့်ကုန်၏၊ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရှိအသေပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ- ငါတို့လည်း စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သော အကျင့်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သောအကျင့်ထက် ပိုလွန်၍ မြင်သောကြောင့်တည်း။ ထို့ကြောင့် ထို အသျှင်သမဏဗြာဟ္မဏတို့ကို အရှိအသေပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏။ အကြင် သမဏဗြာဟ္မဏတို့သည် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့၌။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့၌။ပ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့၌။ပ။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့၌ ရာဂ ကင်းကုန်၏၊ ဒေါသကင်းကုန်၏၊ မောဟကင်းကုန်၏၊ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သော အကျင့်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျင့်ကုန်၏၊ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရှိအသေပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ- ငါတို့လည်း မနောဝိညာဏ်ဖြင့် သိအပ် ကုန်သော ဓမ္မာရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိ ကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သော အကျင့် မညီညွတ်သော အကျင့်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သော အကျင့်ထက် ပိုလွန်၍ မြင်သောကြောင့်တည်း။ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့ကို အရှိအသေပြုအပ်ကုန်၏၊ အလေးပြုအပ် ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏"ဟု (ဖြေဆို ရာ၏)။ သူကြွယ်တို့ သင်တို့သည် ဤသို့ မေးကုန်သော် သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကြားကုန်ရာ၏။

(တပိုဒ်၊၄၃၆။) (မ၊မြန်၊၃။၃၄၆။) (မ၊၃။၃၄၁။),(၁၀ မှတ်)

မေး ၉။ အောက်ပါသုတ်တို့ကို သုတ်အမည်မျှ ဖော်ပြခဲ့ပါ။
(က) အရှင်သာရိပုတြာအကြောင်းကို ဘုရားရှင် ဟောပြတော်မူသော သုတ်၊
(ခ) ရဟန္တာ ဖြစ်/မဖြစ် စိစစ်နည်း စိစစ်နည်းကို ပြသော သုတ်၊
(ဂ) သူတော်ကောင်းတို့၏ တရားနှင့် သူယုတ်မာတို့၏ တရားကို ခွဲခြားပြသော သုတ်၊
(ဃ) လိုတရကြောင်းတရားများကို ပြသော သုတ်၊
(င)ဘုရားရှင်၏ အံ့ဖွယ်ကို ရဟန်းများကို ပြသော သုတ်။

ဖြေ ၉။ (က) အနုပဒသုတ်
(တပိုဒ်၊၉၃-၉၇။) (မမြန်၊၃။၇၉။)(မ၊၃။၇၅။),

(ခ) ဆဗ္ဗိသောဓနသုတ်။ (တပိုဒ်၊၉၈-၁၀၄။)(မမြန်၊၃။၈၃။)(မ၊၃။၇၉။),
(ဂ) သပ္ပုရိသသုတ်။ (တပိုဒ်၊၁၀၅။) (မမြန်၊၃။၉၀။)(မ၊၃။၈၆။),
(ဃ) သင်္ခါရုပပတ္တိသုတ်။ (တပိုဒ်၊၁၆၁-၁၇၅။)(မမြန်၊၃။၁၄၅။)(မ၊၃။၁၄၀။),
(င) အစ္ဆရိယအဗ္ဘုတသုတ်။ (တပိုဒ်၊၁၉၇။) (မမြန်၊၃။၁၆၅။)(မ၊၃။၁၅၉။)



မေး ၁၀။ အောက်ပါသုတ်တို့ကိုလည်း သုတ်အမည်မျှသာ ဖော်ပြခဲ့ပါ။
(က) ပုက္ကုသာတိ အမျိုးကောင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူသော သုတ်၊
(ခ) မဟာပဇာပတိဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူသော သုတ်။

ဖြေ ၁၀။ (က) ဓာတုဝိဘင်္ဂသုတ်။ (တပိုဒ်၊၃၄၂။)(မမြန်၊၃။၂၈၅။)(မ၊၃။၂၈၁။),
(ခ) ဒက္ခိဏာဝိဘင်္ဂသုတ်
(တပိုဒ်၊၃၇၆။) (မမြန်၊၃။၃၀၀။) (မ၊၃။၂၉၆။),

## ၁၃၈၀ – ခုနှစ်၊
## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ကာယဂတာသတိသုတ်မှ စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ပုံအပိုင်းကိုသာ တိကျစွာဖော်ပြခဲ့ပါ။

၂။ အစ္ဆရိယအဗ္ဘုတသုတ်လာ ဘုရားရှင်၏ အံ့ဖွယ်တော်များအနက် (၈) ခုမြောက် အံ့ဖွယ်တော်ကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

၃။ ဂေါပကမောဂ္ဂလ္လာနသုတ်လာ ကြည်ညိုဖွယ်ဆယ်ပါးအနက် နောက်ဆုံးနှစ်ပါးကိုသာ တိကျစွာဖော်ပြခဲ့ပါ။

၄။ ကာယဂတာသတိဘာဝနာ မပွားများခြင်း၏ အပြစ်ကို ထင်းခြောက်ဥပမာဖြင့် ဖော်ပြခဲ့ပါ။

၅။ မဟာသုညတသုတ်လာ နိဗ္ဗာန်ရောက်ကြောင်း စကားများကို ဖော်ပြခဲ့ပါ။

၆။ တပည့်တို့သည် ဆရာ့အပေါ်၌ အဘယ်ကဲ့သို့ကျင့်လျှင် ဆရာကို မိတ်ဆွေကဲ့သို့ ကျင့်ရာရောက်သနည်း၊ တိကျစွာ ဖော်ပြခဲ့ပါ။

၇။ လောကမှာ ငရဲကျသူ ငရဲဆင်းရဲခံစားရပုံကို ဗာလပဏ္ဍိတသုတ်၌ ဟောထားတော်မူသည့်အတိုင်း တိကျစွာ ဖော်ပြခဲ့ပါ။

၈။ ဝေဒနာ မမြဲပုံကို နန္ဒကောဝါဒသုတ်၌ ဟောတော်မူသည့်အတိုင်း ဆီမီးဥပမာဖြင့် ဖော်ပြခဲ့ပါ။

၉။ အောက်ပါ အကြောင်းအရာတို့ကို မည်သည့်သုတ်၌ ဟောတော်မူခဲ့ပါသနည်း၊ တိကျစွာ ဖော်ပြခဲ့ပါ။

(က) သူမိုက်နှင့်ပညာရှိတို့၏ ကွာခြားချက်၊ (ခ) သောတာပန်နှင့် ပုထုဇဉ်တို့၏ ကွာခြားချက်။

၁၀။ အောက်ပါ အကြောင်းအရာတို့ကို မည်သည့်သုတ်၌ ဟောတော်မူခဲ့သည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

(က) ဘုရားရှင်သည် ပရိသတ်ထဲ၌ နိဗ္ဗာန်ကိုအာရုံပြုကာ နေလေ့ရှိကြောင်း။

(ခ) ယင်ကောင်များပမာ နတ်များပျော်မွေ့နေကြကြောင်း။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

## ၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ
## ဥပရိပဏ္ဏာသ.မြန်မာပြန် မေးခွန်းနှင့်.အဖြေများ

၁။ ကာယဂတာသတိသုတ်မှ စက်ဆုပ်ဖွယ်-ဟု ဆင်ခြင်ပုံအပိုင်းကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ ၁။ ရဟန်းတို့ တစ်ဖန် ထိုပြင်လည်း ခြေဖဝါးအထက် ဆံဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏ "ဤရုပ် အပေါင်း၌ ဆံပင်, အမွေး, ခြေသည်း လက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာ ဟောင်း၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်သည် ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက် ရှိ၏။ အဘယ်စပါးတို့နည်းဟူမူ- သလေးစပါး၊ ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်း၊ ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောကျာ်းသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့ တည်း။ ဤသည်တို့ ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည်တို့ ကား ပဲနောက်တို့တည်း၊ ဤသည်တို့ကား ပဲကြီးတို့တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ ဤသည်တို့ ကား ဆန်တို့တည်း"ဟု စူးစိုက် ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှအထက် ဆံဖျားမှအောက် ထက်ဝန်း ကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် "ဤရုပ်အပေါင်း၌ ဆံပင်, အမွေး, ခြေသည်း လက် သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်သည်ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။ ဤသို့ မမေ့မလျော့, ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက်နေသော ထိုရဟန်းအား ကာမဂုဏ် ငါးပါး၌ မှီကုန်သော ကြံစည်အောက်မေ့ခြင်း 'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ သက်ဝင်၏၊ တစ်ခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့လည်း ရဟန်း သည် ကိုယ်၌ ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ' ကို ပွါးများ၏။ (၄) (စာပိုဒ်၊၁၅၄။)(မ၊မြန်၊၃။၁၃၆။)(မ၊၃။၁၃၂။),

၂။အစ္ဆရိယအဗ္ဘုတသုတ်လာ ဘုရားရှင်၏ အံ့ဖွယ်တော်များအနက် (၈)ခုမြောက် အံ့ဖွယ်တော်ကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

၂။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားအလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ ဘုရားအလောင်း၏ မယ်တော်သည် ယောကျ်ားဟူသမျှတို့၌ ကာမဂုဏ်နှင့်စပ်သော စိတ်သည် မဖြစ်၊ ဘုရားအလောင်းမယ်တော်ကိုလည်း တစ်စုံတစ်ယောက်သော ယောကျ်ားကမျှ တပ်မက်သော စိတ်ဖြင့် မလွန်ကျူးနိုင်" ဟူသော စကားကို ကြားနာရဖူးပါ၏၊ ခံယူရဖူး ပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍လည်းကောင်း၊ မဖြစ်စဖူး ထူးသောသဘော ဟူ၍လည်းကောင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၈) (စာပိုဒ်၊၁၉၈-၂၀၈။)(မ၊မြန်၊၃။၁၆၅။)(မ၊၃။၁၆၁။),

၃။ ဂေါပကမောဂ္ဂလ္လာနသုတ်လာ ကြည်ညိုဖွယ် ဆယ်ပါးအနက် နောက်ဆုံး(၂)ပါးကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

၃။(ထိုရဟန်းသည်) အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်း သောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။ (၉) အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိကို အရဟတ္တ ဖိုလ်ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြု လျက် ဝင်စားနေ၏။ (၁၀) (စာပိုဒ်၊၈၁။)(မ၊မြန်၊၃။၆၅။)(မ၊၃။၆၂။),

၄။ကာယဂတာသတိဘာဝနာ မပွားများခြင်း၏ အပြစ်ကို ထင်းခြောက်ဥပမာဖြင့် ဖော်ပြခဲ့ပါ။

ဖြေ ၄။ ရဟန်းတို့ ဥပမာအားဖြင့် အစေးမရှိသော ထင်းခြောက်သည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် "မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ထင်ရှားပြုအံ့"ဟု မီးပွတ်ခုံကို ယူ၍ လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ဤအစေးမရှိသော ထင်းခြောက်ကို မီးပွတ်ခုံကို ယူ၍ ပွတ်သည်ရှိသော် မီးကို ဖြစ်စေနိုင်ရာသလော၊ အပူဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော် မူ၏)။ အသျှင်ဘုရား မီးကို ဖြစ်စေနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ် အား ကိလေသာမာရ်သည် ဝင်ပေါက်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်း ကို ရ၏။(စာပိုဒ်၊၁၅၆။)(မ၊မြန်၊၃။၁၄၁။)(မ၊၃။၁၃၇။),

၅။မဟာသုညတသုတ်လာ နိဗ္ဗာန်ရောက်ကြောင်းစကားများကို ဖော်ပြခဲ့ပါ။

၅။ အလိုနည်းခြင်းနှင့်စပ်သောစကား၊ ရောင့်ရဲခြင်းနှင့်စပ်သောစကား၊ နိဝရဏကင်းခြင်းနှင့်စပ်သောစကား၊ မရောယှက်ခြင်းနှင့်စပ်သောစကား၊ လုံ့လအားထုတ်ခြင်းနှင့်စပ်သောစကား၊ သီလနှင့်စပ်သောစကား၊ သမာဓိနှင့်စပ်သောစကား၊ ပညာနှင့်စပ်သောစကား၊ မဂ်ဖိုလ်နှင်စပ်သောစကား၊ ပစ္စဝေက္ခဏာနှင့်စပ်သောစကား၊ ဤစကားတို့ ပေတည်း။(စာပိုဒ်၊၁၉၉။)(မ၊မြန်၊၃။၁၆၈။)(မ၊၃။၁၅၅။),

၆။တပည့်တို့သည် ဆရာ့အပေါ်၌ အဘယ်ကဲ့သို့ ကျင့်လျှင် ဆရာကို မိတ်ဆွေကဲ့သို့ ကျင့်ရာရောက်သနည်း၊တိကျစွာ ဖော်ပြခဲ့ပါ။

၆။အာနန္ဒာ အဘယ်သို့လျှင် တပည့်တို့သည် ဆရာကို မိတ်ဆွေကဲ့သို့ ကျင့်ကုန်သနည်း၊ ရန်သူကဲ့သို့ မကျင့်ကုန်သနည်း။ အာနန္ဒာ ဆရာသည် "ဤအကျင့်သည် သင်တို့အား အကျိုး စီးပွါးအလို့ငှါ ဖြစ်၏၊ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်းအလို့ငှါ ဖြစ်၏"ဟု တပည့် တို့အား အစဉ်သနားသည်, အကျိုးစီးပွါးကို ရှာမှီးသည် ဖြစ်၍ အစဉ်သနားခြင်းကို အစွဲပြု၍ တရား ဟော၏။ ထိုဆရာ၏ တပည့်တို့သည် ကောင်းစွာ နာကြားကုန်၏၊ နားထောင်ကုန်၏၊ သိခြင်းငှါ စိတ်ကို ထားကုန်၏၊ ဆရာ၏ အဆုံးအမကို လွန်ကျူး၍ မကျင့်ကုန်။ အာနန္ဒာ ဤသို့လျှင် တပည့်တို့သည် ဆရာကို မိတ်ဆွေကဲ့သို့ ကျင့်ကုန်၏၊ ရန်သူကဲ့သို့ မကျင့်ကုန်။(စာပိုဒ်၊၁၉၆။)(မ၊မြန်၊၃။၁၆၄။) (မ၊၃။၁၅၉။),

၇။လောဟကုမ္ဘီငရဲကျသူ ငရဲဆင်းရဲ ခံစားရပုံကို ဗာလပဏ္ဍိတသုတ်၌ ဟောထားတော်မူသည့်အတိုင်း တိကျစွာ ဖော်ပြခဲ့ပါ။

၇။ ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ခြေမိုးမျှော် ဦးခေါင်းစောက်ထိုး ကိုင်၍ ရဲရဲပြောင် ပြောင်တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော လောလောပူသော သံအိုး'လောဟကုမ္ဘီ' ငရဲ၌ ပစ်ချကုန်၏။ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ' ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်၏၊ ထိုငရဲကျ သူသည် ထိုသံအိုး 'လောဟကုမ္ဘီ' ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်သည်ရှိသော် တစ်ကြိမ်လည်း အထက်သို့ ပေါ်တက်၏၊ တစ်ကြိမ်လည်း အောက်သို့ မြုပ်သွား၏၊ တစ်ကြိမ်လည်း ဖီလာကန့်လန့်သွား၏။ ထိုငရဲ ကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ' ငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းတမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏။ ထိုမကောင်းမှုကံ မကုန်သေးသမျှ မသေ။ (စာပိုဒ်၊၂၅၀။)(မ၊မြန်၊၃။၂၁၀။)(မ၊၃။၂၀၅။),

၈။ဝေဒနာ မမြဲပုံကို နန္ဒကောဝါဒသုတ်၌ ဟောတော်မူသည့်အတိုင်း ဆီမီးဥပမာဖြင့် ဖော်ပြခဲ့ပါ။

၈။ နမတို့ ဥပမာအားဖြင့် တောက်နေသော ဆီမီး၏ ဆီသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ မီးစာသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်းမမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ အရောင်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ နမတို့ အကြင်သူသည် "တောက် နေသော ထိုဆီမီး၏ ဆီသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးစာသည်လည်း မမြဲ၊ ဖောက် ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ ထိုဆီမီး၏ အရောင်မူကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘောမရှိ"ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လောဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ- အသျှင်ဘုရား တောက်နေသော ထိုဆီမီး၏ ဆီသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးစာ သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘော ရှိ၏၊ မီးလျှံသည်လည်းမမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ ထိုဆီမီး၏ အရောင်သည် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မမြဲသည်သာတည်း၊ ဖောက်ပြန်ခြင်းသဘောရှိသည် သာတည်းဟု (လျှောက်ကြကုန်၏)။

နမတို့ ဤဥပမာအတူသာလျှင် အကြင်သူသည် "ဤခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့သည် မမြဲကုန်၊ ယင်းခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို စွဲ၍ သုခဝေဒနာကိုလည်းကောင်း၊ ဒုက္ခဝေဒနာကိုလည်းကောင်း၊ ဥပေက္ခာဝေဒနာကိုလည်းကောင်း ခံစား၏၊ ထိုဝေဒနာသည် မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန် ခြင်းသဘောမရှိ"ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လောဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ- အသျှင်ဘုရား ထိုထိုသဘောရှိ သော အကြောင်းကို စွဲ၍ ထိုထိုသဘောရှိသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ထိုထိုသဘောရှိသော အကြောင်း၏ ချုပ်ခြင်းကြောင့် ထိုထိုသဘောရှိသော ဝေဒနာတို့သည် ချုပ်ကုန်၏ဟု (လျှောက်ကြကုန်၏)။ နမတို့ ကောင်းပေစွ ကောင်းပေစွ၊ နမတို့ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာ သာဝကအား ဤသို့သာ ဖြစ်၏။(စာပိုဒ်၊၄၈၂။)(မ၊မြန်၊၃။၃၂၁။)(မ၊၃။၃၁၇။),

၉။အောက်ပါ အကြောင်းအရာတို့ကို မည်သည့်သုတ်၌ ဟောတော်မူခဲ့ပါသနည်း၊ တိကျစွာ ဖော်ပြခဲ့ပါ။ (က) သူမိုက်နှင့် ပညာရှိတို့၏ ကွာခြားချက်၊ (ခ) သောတာပန်နှင့် ပုထုဇဉ်တို့၏ ကွာခြားချက်။

၉။(က)ဗဟုဓာတုကသုတ်။(စာပိုဒ်၊၁၂၄။)(မ၊မြန်၊၃။၁၁၀။)(မ၊၃။၁၀၆။),
(ခ)ဗဟုဓာတုကသုတ်။(စာပိုဒ်၊၁၂၈။)(မ၊မြန်၊၃။၁၁၃။) (မ၊၃။၁၁၀။),

၁၀။အောက်ပါ အကြောင်းအရာတို့ကို မည်သည့်သုတ်၌ ဟောတော်မူခဲ့သည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

(က)ဘုရားရှင်သည် ပရိသတ်ထဲ၌ နိဗ္ဗာန်ကို အာရုံပြုကာ နေလေ့ရှိကြောင်း။
(ခ) ယင်ကောင်များပမာ နတ်များ ပျော်မွေ့နေကြကြောင်း။

ဖြေ ၁၀ ။(က)မဟာသုညတသုတ်။(စာပိုဒ်၊၁၈၇။) (မ၊မြန်၊၃။၁၅၇။)(မ၊၃။၁၅၃။),

(ခ)အနုရုဒ္ဓသုတ်။(စာပိုဒ်၊၂၃၂။)(မ၊မြန်၊၃။၁၉၂။) (မ၊၃။၁၈၇။),

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၉ - ရက်၊ (၂၂ - ၆ - ၂၀၂၂) ဗုဒ္ဓဟူးနေ့

ဖြေဆိုချိန်။ ။ ၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ကိဋာဂိရိ-သုတ်ကို အဘယ်မည်သောအရပ်, အဘယ်တောအုပ်၌ ဟောကြားပါသနည်း? ဖြေဆို၍၊ "သက်နိုင်းဆွမ်းစသော ပစ္စည်းကို လိုချင်ခြင်းဟူသောအကြောင်းကြောင့် တရားဟော၏" ဟု သင်တို့ မထင်ခဲ့လျှင် သင်တို့သည် ငါ၌ အဘယ်သို့ ထင်မှတ်သနည်း? ဟူသော အမေး၏ အဖြေကိုလည်း ရေးပြပါ။

၂။ မြတ်စွာဘုရား! ငါးပါးသောဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်မှုထူးခြားခြင်းသည် ဖြစ်ကောင်းပါသလော? ဟူသော အမေးပုစ္ဆာ၏ အဖြေကို ပြည့်စုံစွာ ရေးပြပါ။

၃။ သေဝိတဗ္ဗာသေဝိတဗ္ဗ-သုတ်လာ မြတ်စွာဘုရား အကျဉ်းမျှသာ ဟောတော်မူအပ်သော "မှီဝဲထိုက် မမှီဝဲထိုက်" တရားတို့ကို အစဉ်တကျ ဖြေဆိုခဲ့ပါ။

၄။ ရဟန်းတို့! အဘယ်သို့ ပွါးများလေ့လာထားသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တမဂ်,အရဟတ္တဖိုလ်တို့၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ပြည့်စေကုန်သနည်း? ဟူသော အမေး၏ အဖြေကို ပြည့်စုံစွာ ရေးပြပါ။

၅။ (၆)ခုမြောက် မြတ်စွာဘုရား၏ အံ့ဩဖွယ် မဖြစ်စဖူး ထူးသောသဘောကို အရှင်အာနန္ဒာ လျှောက်ကြားသည့်အတိုင်း ရေးပြပါ။

၆။ သူမိုက်လက္ခဏာ, သူမိုက်အမှတ်အသား, သူမိုက်လုပ်ငန်းစဉ်တို့ဟူသည် အဘယ်သုံးပါးတို့နည်း? မြတ်စွာဘုရားရှင် ဗာလပဏ္ဍိတသုတ်၌ ဟောကြားထားသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၇။ အဘယ်သို့ နေလေ့ရှိသောရဟန်းကို စင်စစ် 'ကောင်းသော ညဉ့်တစ်ညဉ့်ရှိသောရဟန်း' ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူပါသနည်း? ဖြေဆိုပြပါ။

၈။ သံဃိကဖြစ်သော အလှူခုနစ်ပါးတို့ကို ဘုရားရှင် အရှင်အာနန္ဒာအား ဟောကြားသည့်အတိုင်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၉။ အနာထပိဏ်နတ်သား မြတ်စွာဘုရားကို လျှောက်ထားသော ဂါထာတို့၏ အဓိပ္ပါယ်တို့ကို ကြည်ညိုဖွယ်ဖြစ်အောင် ရေးပြပါ။

၁၀။ ပုဏ္ဏ! သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ ထက်စွာသော ဓားဖြင့် အသေသတ်ကုန်အံ့၊ ပုဏ္ဏ! ထိုသို့ အသေသတ်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်း? ဟူသော အမေး၏ အဖြေကို ပြည့်စုံစွာရေးပြပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

**၁၃၈၄-ခု၊ ၂၀၂၂-ခု**
**အုပ်စု (၃) ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန်**
**မေးခွန်း နှင့် အဖြေ**

-----------------

၁။ ကိဋ္ဌိ-သုတ်ကို အဘယ်မည်သောအရပ်, အဘယ်တောအုပ်၌ ဟောကြားပါသနည်း? ဖြေဆို၍၊ "သင်္ကန်းဆွမ်း စသော ပစ္စည်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့် တရားဟော၏" ဟု သင်တို့ မထင်ခဲ့လျှင် သင်တို့သည် ငါ၌ အဘယ်သို့ ထင်မှတ်သနည်း? ဟူသော အမေး၏ အဖြေကိုလည်း ရေးပြပါ။

၁-အဖြေ

ကိဋ္ဌိ-သုတ်ကို ပိသိနာရမည်သော အရပ်။ (၂)မှတ်။

ဗလိနတ်စာ တင်သရာ တောအုပ်၌ ဟောကြားပါသည်။ (၂) မှတ်။

**အမေး၏ အဖြေ**

အသျှင်ဘုရား ''မြတ်စွာဘုရားသည် သတ္တဝါတိုကို အစဉ်စောင့်ရှောက်တော်မူသည်ဖြစ်၍ သတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးတော်မူလျက် အစဉ်သနားခြင်းကို အကြောင်းပြု၍ တရားဟောတော်မူ၏''ဟုသာ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၌ ထင်မှတ်ပါ၏ဟု(လျှောက်ကြကုန်၏)။ (၆) မှတ်။ (စာပိုဒ်၊ ၃၄)

---

၂။ မြတ်စွာဘုရား! ငါးပါးသောဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်မှုထူးခြားခြင်းသည် ဖြစ်ကောင်းပါသလော? ဟူသော အမေးပုစ္ဆာ၏ အဖြေကို ပြည့်စုံစွာ ရေးပြပါ။

၂-အဖြေ။

''ရဟန်း ဖြစ်ကောင်း၏''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ရဟန်း ဤလောက၌ အချို့သောပုဂ္ဂိုလ်အား ဤသို့ အကြံဖြစ်၏- ''နောင်အခါ၌ ဤသို့ ရုပ်ရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ ဝေဒနာရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ သညာရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ သင်္ခါရရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ ဝိညာဏ်ရှိသည် ဖြစ်လို၏''ဟု အကြံဖြစ်၏။ ရဟန်း ဤသို့လျှင် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်မှုထူးခြားခြင်းသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။ (၁၀) မှတ်။ (စာပိုဒ်၊ ၈၆)

---

၃။ သေဝိတဗ္ဗာသေဝိတဗ္ဗ-သုတ်လာ မြတ်စွာဘုရား အကျဉ်းမျှသာ ဟောတော်မူအပ်သော "မှီဝဲထိုက် မမှီဝဲထိုက်" တရားတို့ကို အစဉ်တကျ ဖြေဆိုခဲ့ပါ။

၃-အဖြေ

ရဟန်းတို့! ငါသည် ကိုယ်အမူအရာကိုလည်း မှီဝဲထိုက်, မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူ အရာသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့ ငါသည် နှုတ်အမူအရာကိုလည်း မှီဝဲထိုက်, မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုနှုတ်အမူအရာသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့ ငါသည် စိတ်အမူအရာကိုလည်း မှီဝဲထိုက်, မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်အမူအရာသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့! ငါသည် စိတ်ဖြစ်ပုံကိုလည်းမှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထို စိတ်ဖြစ်ပုံသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့! ငါသည် သညာရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုသညာရခြင်းသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့ ငါသည် အယူရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအယူရခြင်းသည်လည်း တစ်မျိုးစီဖြစ်၏။

ရဟန်းတို့ ငါသည် အတ္တဘောရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအတ္တဘောရခြင်းသည်လည်း တစ်မျိုးစီဖြစ်၏ဟု (မိန့်တော်မူ၏)။ **(၁၀) မှတ်။** (စာပိုဒ်၊ ၁၀၉)

၄။ ရဟန်းတို့ အဘယ်သို့ ပွါးများလေ့လာထားသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ပြည့်စေကုန်သနည်း? ဟူသော အမေး၏ အဖြေကို ပြည့်စုံစွာ ရေးပြပါ။

၄-အဖြေ

ရဟန်းတို့ ရဟန်းသည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက' ၌ မှီသော တပ်စွန်းမှု 'ရာဂ' ကင်းရာ၌မှီသော ချုပ်ရာ 'နိရောဓ' ၌ မှီသော (ကိလေသာကို) စွန့်လွှတ်မှု နိဗ္ဗာန်သို့ပြေးဝင်မှု 'ဝေါဿဂ္ဂ' ကို ရင့်ကျက်စေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွါးများ၏ ။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဆိတ်ငြိမ်ခြင်း 'ဝိဝေက '၌ မှီသော တပ်စွန်းမှု 'ရာဂ' ကင်းရာ၌ မှီသော ချုပ်ရာ 'နိရောဓ' ၌ မှီသော (ကိလေသာကို) စွန့်လွှတ်မှု နိဗ္ဗာန်သို့ ပြေးဝင်မှု 'ဝေါဿဂ္ဂ' ကို ရင့်ကျက် စေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့ ပွါးများလေ့လာထားသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာ ဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ပြည့်စေကုန်၏ဟု (မိန့်တော်မူ၏)။ **(၁၀) မှတ်။** (စာပိုဒ်၊ ၁၅၂)

---

၅။ (၆)ခုမြောက် မြတ်စွာဘုရား၏ အံ့ဩဖွယ် မဖြစ်စဖူး ထူးသောသဘောကို အရှင်အာနန္ဒာ လျှောက်ကြားသည့်အတိုင်း ရေးပြပါ။

၅-အဖြေ

မြတ်စွာဘုရား! အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ ''အာနန္ဒာ ဘုရားအလောင်းသည့် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ လေးပါးသော နတ်မင်းကြီးတိုသည် 'ထိုဘုရားအလောင်းကိုလည်းကောင်း၊ ဘုရားအလောင်းမယ်တော်ကိုလည်းကောင်း၊ တစ်စုံတစ်ယောက်သော လူသည်လည်းကောင်း၊ ဘီလူးသည်လည်းကောင်း မညှဉ်းဆဲစေသတည်း'ဟု အရပ်လေးမျက်နှာမှ စောင့်ရှောက်ခြင်းငှါ ကပ်ရောက်ကုန်၏''ဟူသော စကားကို ကြားနာရဖူးပါ၏၊ ခံယူရဖူးပါ၏။ မြတ်စွာဘုရား ဘုရားအလောင်း၏ အမိဝမ်းတိုက်သို သက်ဝင်သောအခါ ။ပ။ ကပ်ရောက်ကြခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍လည်းကောင်း၊ မဖြစ်စဖူး ထူးသောသဘော ဟူ၍လည်းကောင်း အကျွန်ုပ် မှတ်သားမိပါ၏။ **(၁၀) မှတ်။** (စာပိုဒ်၊ ၂၀၂)

---

၆။ သူမိုက်လက္ခဏာ သူမိုက်အမှတ်အသား သူမိုက်လုပ်ငန်းစဉ်တိုဟူသည် အဘယ်သုံးပါးတို့နည်း? မြတ်စွာဘုရားရှင် ဗာလပဏ္ဍိတသုတ်၌ ဟောကြားထားသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၆-အဖြေ

ရဟန်းတို့! ဤလောက၌ သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏။ မကောင်းသော စကားကိုလည်း ဆိုလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ သူမိုက်သည် ထိုမကောင်းသော အကြံကိုလည်း ကြံလေ့ရှိသည်လည်းကောင်း၊ ထိုမကောင်းသော စကားကိုလည်း ဆိုလေ့ရှိသည်လည်းကောင်း၊ ထိုမကောင်းသော အမှုကိုလည်း ပြုလေ့ရှိသည်လည်းကောင်း အကယ်၍ မဖြစ်ငြားအံ့၊ ထိုသူကို အဘယ်အကြောင်းဖြင့် ''ဤအသျှင်သည် သူမိုက်တည်း၊ သူတော်မဟုတ် သူယုတ်မာတည်း''ဟု ပညာရှိတိုသည် သိနိုင်ကုန်ရာအံ့နည်း (မသိနိုင်ကုန်ရာ)။ ရဟန်းတို အကြင် အကြောင်းကြောင့် သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏။ မကောင်းသော စကားကိုလည်း ဆိုလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။ ထိုအကြောင်း ကြောင့် ထိုသူကို ''ဤအသျှင်သည် သူမိုက်တည်း၊ သူတော်မဟုတ် သူယုတ်မာတည်း''ဟု ပညာရှိတိုသည် သိနိုင်ကုန်ရာ၏။ **(၁၀) မှတ်။** (စာပိုဒ်၊ ၂၄၆)

---

၇။ အဘယ်သို့ နေလေ့ရှိသောရဟန်းကို စင်စစ် 'ကောင်းသော ညဥ့်တစ်ညဥ့်ရှိသော ရဟန်း' ဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူပါသနည်း? ဖြေဆိုပြပါ။

၇-အဖြေ

အတိတ်ခန္ဓာသို့လည်း အစဥ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။ ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန်ပွါး များရာ၏။ အဘယ်သူသည် နက်ဖြန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို နေလေ့ရှိသော လွန်စွာ အားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် 'ကောင်းသော ညဥ့်တစ်ညဥ့်ရှိသော ရဟန်း' ဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ (၁၀) မှတ်။ (စာပိုဒ်၊ ၂၇၂)

---

၈။ သံဃိကဖြစ်သော အလှူခုနစ်ပါးတို့ကို ဘုရားရှင် အရှင်အာနန္ဒာအား ဟောကြားသည့်အတိုင်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၈-အဖြေ။

ဘုရားအမှူးရှိသော နှစ်မျိုးသော ရဟန်းယောကျ်ား ရဟန်းမိန်းမသံဃာအား အလှူကို ပေးလှူ၏၊ ဤကား ရှေးဦးစွာသော သံဃိကအလှူတည်း။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပြီးသော် နှစ်မျိုးသော ရဟန်းယောကျ်ားရဟန်းမိန်းမ သံဃာအား အလှူကို ပေးလှူ၏၊ ဤကား နှစ်ခုမြောက် သံဃိကအလှူတည်း။

ရဟန်းယောကျ်ား သံဃာအား အလှူကို ပေးလှူ၏၊ ဤကား သုံးခုမြောက် သံဃိကအလှူ တည်း။

ရဟန်းမိန်းမ သံဃာအား အလှူကို ပေးလှူ၏၊ ဤကား လေးခုမြောက် သံဃိကအလှူတည်း။

အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်းယောကျ်ားတို့ကိုလည်းကောင်း၊ ရဟန်းမိန်းမတို့ကိုလည်းကောင်း သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏၊ ဤကား ငါးခုမြောက် သံဃိကအလှူတည်း။

အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်းယောကျ်ားတို့ကို သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏။ ဤကား ခြောက်ခုမြောက် သံဃိကအလှူတည်း။

အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်းမိန်းမတို့ကို သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏၊ ဤကား ခုနစ်ခုမြောက် သံဃိကအလှူတည်း။ **(၁၀)မှတ်။** (စာပိုဒ်၊ ၃၈၀)

---

၉။ အနာထပိဏ်နတ်သား မြတ်စွာဘုရားကို လျှောက်ထားသော ဂါထာတို့၏ အဓိပ္ပါယ်တို့ကို ကြည်ညိုဖွယ် ဖြစ်အောင် ရေးပြပါ။

၉-အဖြေ

ဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်း ဖြစ်၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သီတင်းသုံးရာလည်း ဖြစ်၏၊ ထိုကြောင့် အကျွန်ုပ်အား နှစ်သိမ့်ခြင်း 'ပီတိ' ကို ဖြစ်စေပါ၏။ အလုပ်ကိစ္စ၊ အသိဉာဏ်၊ တည်ကြည်မှု၊ ကိုယ်ကျင့်သီလ၊ မြတ်သောအသက် မွေးမှု၊ ဤတရားကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏။ အမျိုးအနွယ်ကြောင့်လည်းကောင်း၊ ဥစ္စာကြောင့်လည်းကောင်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်သာလျှင် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွားကို ရှုမြော်၍ သင့်လျော်သော အကြောင်း အားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သော် ထိုအရိယာမဂ်တရား၌ စင်ကြယ်၏။

အကြင် အမှတ်မရှိသော ရဟန်းသည် တစ်ဖက်ကမ်းနိဗ္ဗာန်သို ရောက်၏၊ ထို ရဟန်းသည် တစ်ဖက်ကမ်း နိဗ္ဗာန်သို ရောက်ရုံမျှသာလျှင် မြတ်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်လည်းကောင်း၊ သီလဖြင့်လည်းကောင်း၊ ငြိမ်သက်ခြင်းဖြင့်လည်းကောင်း (ထို တစ်ဖက်ကမ်း နိဗ္ဗာန်ရောက် ရဟန်းဟူသမျှထက်) မြတ်၏''ဟု (လျှောက် ၏)။ **(၁၀)မှတ်။** (စာပိုဒ်၊ ၃၈၇)

---

၁၀။ ပုဏ္ဏ! သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ ထက်စွာသော ဓားဖြင့် အသေ သတ်ကုန်အံ့၊ ပုဏ္ဏ! ထိုသို့ အသေသတ်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်း?ဟူသော အမေး၏ အဖြေကို ပြည့်စုံစွာရေးပြပါ။

၁၀-အဖြေ

မြတ်စွာဘုရား သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို အကယ်၍ ထက်စွာသော ဓားဖြင့် အသေသတ်ကုန်အံ့၊ ထိုသို့အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ ''ကိုယ်၌လည်းကောင်း ၊ အသက်၌လည်းကောင်း ငြီးငွေ့ရွံရှာစက်ဆုပ်သည်ဖြစ်၍ သေစေနိုင်မည့် လက်နက်ကို ရှာဖွေနေကြကုန်သော မြတ်စွာဘုရား၏ တပည့်များ ရှိကြသေး၏၊ ထိုသေစေနိုင်မည့်လက်နက်ကို ငါ မရှာဖွေရဘဲ ရပေပြီ''ဟု ဘုန်း တော်ကြီးသော မြတ်စွာဘုရား ဤသို့ အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ ကောင်းသောစကား ကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို ဖြစ်ပါလတ္တံ့ဟု (လျှောက် ၏)။ **(၁၀)မှတ်။** (စာပိုဒ်၊ ၃၉၆)

---

# <u>အောင်ကိန်းဆိုက်ဖို့ ကြိုးစားစို့</u>



ရှင်းတမ်းကျမ်းပြုဆရာတော်
ဘဒ္ဒန္တမုနိန္ဒာဘိဝံသ

(19-6-2024)

* ဂလိုဘယ်လိုက်ဖေးရှင်း၊
ကမ္ဘာကြီး ကျဉ်းသွားပြီ။
ငေးငိုင်ခြင်း ထိုဝသီ၊
ရှောင်ရမည် အရှင်း။
ငေးငိုင်ကာ တွေးမှိုင်ကြလျှင်၊
နောက်ကျ ချက်ချင်း။

* စွမ်းအစ ရှိသမျှ အလီလီ၊
ထုတ်ရမည် မကြွင်း၊
အာဇာနည်စိတ်ကို သွင်းပါလို့၊
တင်းတင်းပ လုပ်ဆောင်၊
သို့မှသာ အသွင် တင့်ပါလို့၊
အသင် မြင့်–မြင့်လိမ့် ထိပ်ခေါင်။

* ဤလောက လူ့ဘောင်တွင်၊
ထိပ်ရောက်အောင် အသင် တက်လိုက၊
အစဉ်ပ သွက်လက်လေပါ၊
ထက်မြက်စေရာ၊
လုပ်သမျှ နောက်မဆုတ်ပါလျှင်၊
အဟုတ်သာ အောင်ကိန်းပလေး။

🙏S.L.V.S.L.K.R(Y.S.O)🙏